Voice of Burma

Published by Voice of Burma Information Group — Issue No. 728 SEPTEMBER 20, 2009

# ဒေါ်အောင်ဆန်းစုကြည် အယူခံမှုအောက်တိုဘာ ၂ ရက်သို့ထပ်ချိန်း

**NEJ၊ စက်တင်ဘာ ၁၈။** ။ ရန်ကုန်တိုင်းတရားရုံးက ဒေါ်အောင်ဆန်း စုကြည်တို့ရဲ့အယူခံအမှုအား ဒီနေ့လက်ခံကြားနာခဲ့ပြီးနောက် အောက်တိုဘာ ၂ ရက်နေ့တွင် အမိန့်ချမည်ဖြစ်ကြောင်း ရုံးချိန်းပေးလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့အတူနေ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့အား နေ အိမ်အကျယ်ချုပ်ဖောက်ဖျက်မှုဖြင့် အင်းစိန်အထူးတရားရုံးက ပြစ်ဒဏ်များချမှတ်ခဲ့မှုအပေါ် အယူခံခြင်းကို ရန်ကုန်တိုင်းတရားရုံးက ယနေ့နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အထိ နှစ်ဘက်ရှေ့နေများရဲ့ လျှောက်လဲချက်ကို ကြားနာခဲ့ပါတယ်။ ဒီနေ့ တရားခွင်မှာ လျှောက်လဲချက်ပေးခဲ့မှုများနဲ့စပ်လျဉ်းပြီး ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေကြီး ဦးဉာဏ်ဝင်းက ရှင်းပြပါတယ်။

“ပထမဆုံး ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံအမှုအတွက် ရှေ့နေကြီးဦးကြည်ဝင်းကလျှောက်လဲချက်ပေးပါတယ်။ ကျနော်တို့အဓိကလျှောက်လဲခဲ့ကြတာကတော့ ၁၉၇၄ အခြေခံဥပဒေဟာ မရှိတော့ဘူး။ မရှိတော့တဲ့အတွက် အဲဒီဥပဒေမှာပါတဲ့ ပုဒ်မတွေကိုသုံးပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ကန့်သတ်မိန့်၊ တားဆီးမိန့်တွေလုပ်ခဲ့တာဟာ တရားမဝင်ဘူး၊ တရားမဝင်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ အခုစွဲဆိုတဲ့ပုဒ်မကိုလည်း ကျူးလွန်ခြင်းမရှိဘူးလို့ လျှောက်လဲတယ်။ တဘက်ကတော့ ဒီဥပဒေဟာ စာနဲ့ပေနဲ့ တရားဝင်ဖျက်သိမ်းတာမရှိသေးတဲ့အတွက် အသုံးပြုလို့ရတယ်။ အတည်ဖြစ်တယ်လို့လျှောက်လဲပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေက ရန်ကုန်တိုင်းတရားရုံးကို ၁၉၇၄ ခုနှစ်အခြေခံဥပဒေအသက်ဝင်မှုမရှိတော့ကြောင်း သက်သေပြနိုင်တဲ့အထောက်အထား ၄ မျိုးကိုတင်ပြခဲ့ပါတယ်။

“ရှေ့နေကြီးဦးဉာဏ်ဝင်းက သက်သေအထောက်အထား ၄ မျိုးကို စာရွက်စာတမ်းတွေနဲ့တကွတင်ပြခဲ့ပါတယ်။ အဲဒါတွေကတော့ နဝတအစိုးရကထုတ်ခဲ့တဲ့ ကြေညာချက်အမှတ် ၁/၉၀၊ အဲဒီကြေညာချက်မှာ နဝတအစိုးရက ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမှ အသုံးပြုမှုမရှိဘူးလို့ ဖော်ပြထားပါတယ်။ နောက်တခုကတော့ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ တော်လှန်ရေးမိန့်ခွန်းပါ။ အဲဒီမိန့်ခွန်းမှာက သူတို့အစိုးရက ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမှအသုံးမပြုဘူး။

သူတို့ဟာမာရှယ်လောနဲ့အုပ်ချုပ်တယ်လို့ပြောထားတယ်။ တတိယအချက်ကတော့ အခုမကြာခင်ရေးဆွဲထုတ်ပြန်ထားတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အဲဒီ ဥပဒေနိဒါန်းမှာ ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၁၉၈၈ ခုနှစ် ကတည်းက ချုပ်ငြိမ်းသွားပြီလို့ဖော်ပြထားတယ်။ စတုတ္ထအချက်က ဒေါက်တာမောင်မောင်ရေးခဲ့တဲ့ ‘1988 - SURPRISE’ ဆိုတဲ့စာအုပ်မှာလည်း အဲဒီ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ချုပ်ငြိမ်းသွားပြီဆိုတာကိုဖော်ပြထားတယ်။ ဒီအချက် ၄ ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဟာမရှိဘူး။ သုံးလို့မရဘူး။ သုံးခဲ့ရင်လည်း တရားမဝင်ဘူး။ ဒီလိုအကျယ်တဝင့်လျှောက်လဲချက်ပေးခဲ့ကြပါတယ်။”လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

ယနေ့နှစ်ဘက် လျှောက်လဲချက်ပေးခဲ့ကြအပြီး အမှုအပေါ်သုံးသပ်ရလျှင် ဒေါ်အောင်ဆန်းစုကြည်သည် ဥပဒေကြောင်းအရသာဆိုပါက လုံးဝလွတ်မြောက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ဦးဉာဏ်ဝင်းကပြောပါတယ်။ မွန်းလွဲပိုင်းတွင်း ရှေ့နေဦးလှမျိုးမြင့်က ဒေါ်အောင်ဆန်းစုကြည်နှင့်အတူနေ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့အတွက် အယူခံလျှောက်လဲချက်ပေးခဲ့ပါတယ်။

နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ခြံဝင်းအတွင်း အမေရိကန်နိုင်ငံသား မစ္စတာဂျွန်ဝီလီယံယက်တောဝင် ရောက်ခဲ့မှုအတွက် နအဖစစ်အစိုးရက မေ ၁၈ ရက်မှာ နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုပုဒ်မ ၂၂ နဲ့ အင်းစိန်အထူးတရားရုံး၌ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုခဲ့ပါတယ်။

ထို့နောက် ဩဂုတ် ၁၁ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်အထူးတရားရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့ပြီးနောက် နအဖအကြီးအကဲက နေအိမ်အကျယ်ချုပ် ၁၈ လကျခံစေရန်နှင့် မူလတရားရုံးမှချမှတ်ခဲ့သော ပြစ်ဒဏ်ကို တဝက်လျှော့လိုက်ပြီး ကျန်ပြစ်ဒဏ်တဝက်အား ဆိုင်းငံ့အဖြစ်ထားရှိရန် ပြည်ထဲရေးဝန်ကြီးမှတဆင့် အမိန့်ထုတ်ခဲ့ပါတယ်။

ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းအတွက် စက်တင်ဘာ ၃ ရက်မှာ ရန်ကုန် တိုင်းတရားရုံးသို့ အယူခံဝင်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အ မျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နှစ်ပေါင်း ၂၀ ကာလအတွင်း နအဖ အစိုးရက ၁၄ နှစ်နီးပါး နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်း ထားခဲ့ပါတယ်။

**အဖွဲ့ချုပ်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေး မဝင် ရေးမဆုံးဖြတ်သေး** — စာမျက်နှာ ၃

**အစိုးရဆိုတာက သူတို့ အကြိုက်ရေးရင် ဖော်ပြမယ် မကြိုက်ရင်ရေးခွင့်မပေးဘူး** — စာမျက်နှာ ၄

**နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးဖို့ ကုလအတွင်းရေးမှူးချုပ်ထပ်မံတောင်းဆို** — စာမျက်နှာ ၇

**စီအာပီပီ ၁၁ နှစ် ပြည့် ရည်မှန်းချက်နှင့် လုပ်ငန်းများ ပြန်လည်သုံးသပ်မည်** — စာမျက်နှာ ၁၄

**အဖွဲ့ချုပ်မှ အမျိုးသမီးနှင့် လူငယ် လုပ်ငန်းဖော်ဆောင်ရေး ကြိုးပမ်း** — စာမျက်နှာ ၁၆

## VOB အာဘော်

# ဒီမိုကရေစီအတု

စစ်တပ်ကြီးစိုးသောအုပ်ချုပ်ရေးစနစ်ကို ထူထောင်ရန်အတွက် နအဖစစ်အာဏာရှင်များသည် ဒီမိုကရေစီအတုကိုကြိုးပမ်းဖန်တီးနေခဲ့သည်မှာ ၁၉၉၃ ခုနှစ် ကတည်းကဖြစ်သည်။ စည်းကမ်းရှိသောဒီမိုကရေစီထူထောင်မည်ဆိုသော စစ်အာဏာရှင်များက ၂၀၀၈ ခုနှစ်တွင် စစ်တပ်က အနာဂတ်မြန်မာ့နိုင်ငံရေးကို လက်ဝါးကြီးအုပ်ခွင့်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲအတင်းအဓမ္မကျင်းပကာ လူထု၏ဆန္ဒအစစ်အမှန်နှင့်အညီ အတည်ပြုနိုင်ခဲ့ပါသည် ဟု အဓမ္မနှင့်လိမ်လည်မှုများပြုကာကြေညာခဲ့သည်။

ထို့နောက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခြေလှမ်းအဖြစ် ၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပမည်ဆိုကာ ကြေညာခဲ့သည်၊ စစ်တပ်ကြီးစိုးသောဒီမိုကရေစီအတုကို ထူထောင်ရန်လုပ်ဆောင်ချက်သည်။ ထိုအချိန်မှစ၍ စစ်တပ်က နိုင်ငံကို ထာဝရအုပ်ချုပ်နိုင်ရေးကို အထောက်အကူပြုမည့် အခြေအနေများကို ဖန်တီးနေခဲ့တော့သည်။ စစ်တပ်နှင့် စစ်တပ်ကိုထောက်ခံသူများအာဏာရလာစေမည့်ရွေးကောက်ပွဲကို ဒီမိုကရေစီထွန်းကားရေးအတွက် ပထမခြေလှမ်းဖြစ်သည်ဟုဆိုကာ အတုအယောင်ရွေးကောက်ပွဲအတွက် စတင်ခြေလှမ်းသည်။ ရွေးကောက်ပွဲကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံအသိအမှတ်ပြုလာစေ ရန် ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများပါဝင်သည့်ရွေးကောက်ပွဲဖြစ်သည်ကို ပြသရန်ကြိုးပမ်းတော့သည်။

ဒီမိုကရေစီအင်အားစုများဖြစ်ပါသည်ဆိုသည့် စစ်တပ်ကိုထောက်ခံသောအတုအယောင် နိုင်ငံရေးသမားများနှင့်ပါတီများကို ဖွဲ့စည်းထူထောင်မည့်အခြေအနေကိုဖန်တီးသည်။ ဝံသာနုအဲန်အဲလ်ဒီ၊ ဂဏမျိုးဆက်ကျောင်းသား(မြန်မာပြည်)၊ အမျိုးသားနိုင်ငံရေးပါတီ၊ ဒီမိုကရေစီပါတီစသည့် စစ်အာဏာရှင်ဆက်လက်ရှင်သန်ခိုင်မြဲရေးအတွက် ထောက်ခံပံ့ပိုးပေးသည့်နိုင်ငံရေးအင်အားစုများအား ဒီမိုကရေစီကို ယုံကြည်မြတ်နိုးသူများဖြစ်သည်ဆိုသည့်အတုအယောင်များကို စီစဉ်ထားသည်။

ရွေးကောက်ပွဲတွင် တိုင်းရင်းသားလူမျိုးစုများလည်းပါဝင်ပါသည်ဆိုသည်ကို နိုင်ငံတကာအားပြသရန်အတွက် အပစ်အခတ်ရပ်စဲထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လက်နက်စွန့်ကာ ရွေးကောက်ပွဲဝင်ရန်ပြောဆိုနေသည်။ ဖိအားပေးသည်။ ပြော၍မရသောသူများအား သပ်လျှိုခွဲထုတ်နေခဲ့သည်၊ ကေအဲန်ယူကို နစ်ခြမ်းမက ကွဲအောင်သပ်လျှိုခွဲထုတ်ပြီးဖြစ်သည်။ ကေအိုင်အိုကိုလည်း အလားတူပင် ရွေးကောက်ပွဲဝင်မည့်အုပ်စုနှင့် မဝင်မည့်အုပ်စုဖြစ်စေရန် ခွဲနိုင်ခဲ့ပြီဖြစ်သည်။ ကိုးကန့်ကိုလည်း နှစ်ခြမ်းကွဲစေရန်လုပ်ဆောင်ပြီးဖြစ်သည်။ မွန်တိုင်းရင်းသားများအကြားတွင်လည်း ရွေးကောက်ပွဲဝင်မည့်သူများကို စည်းရုံးနိုင်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုခြင်းမရှိပဲ ကိုယ်ကျိုးရှာသူတချို့နှင့်ပူးပေါင်းကာ တိုင်းရင်းသားများကိုကိုယ်စားပြုသည်ဆိုသည့် အတုအယောင်များကို သုံးကာ ရွေးကောက်ပွဲဝင်စေမည်ဖြစ်သည်။

ထိုအတုအယောင်အင်အားစုများဖြင့် ဒီမိုကရေစီအရေခြုံထားသော စစ်တပ်ကြီးစိုးချယ်လှယ်သောနိုင်ငံရေးစနစ် ထာဝရတည်တံ့ရေးအတွက် အုတ်မြစ်ချနေကြသည်။ ထိုသို့အုတ်မြစ်ချမည့်လုပ်ငန်းဖြစ်သည့် ၂၀၁၀ ရွေးကောက်ပွဲအား မျှော်လင့်ချက်အိပ်မက်ကိုယ်စီဖြင့် ဝင်ရောက်ကြမည့်သူများသည် အုတ်မြစ်ချပြီးနောက်တည်ဆောက်မည့်အဆောက်အအုံကြီးတွင် တက်ရောက်နေထိုင်ခွင့်ရမည်မဟုတ်၊ အုတ်မြစ်ချရာတွင် အသုံးပြုသော ဘိလပ်မြေ၊ သဲ၊ ကျောက်၊ ထုံးများအဖြစ်ဖြင့် ဘဝဆုံးရှုံး၊ နာမည်ဆုံးရှုံးရသည့်အဖြစ်ကိုသာရောက်ရှိပေလိမ့်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

---

# ဒေါ်အောင်ဆန်းစုကြည် အယူခံမှု ဒီနေ့မှာ လုံခြုံရေးထူထပ်စွာချ

**NEJ၊ စက်တင်ဘာ ၁၈။** ။ စက်တင်ဘာ ၁၈ ရက်၊ စစ်တပ်ကအာဏာသိမ်းခဲ့တဲ့ ၂၁ နှစ်မြောက်နေနဲ့တိုက်ဆိုင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံအမှု ရန်ကုန်တိုင်းတရားရုံးအတွင်း ယနေ့စစ်ဆေးကြားနာနေချိန်တွင် တရားရုံးပြင်ပ၌ လုံခြုံရေးထူထပ်စွာချထားကြောင်း မြို့ခံများကပြောပါတယ်။

မျက်မြင်တဦးက “ရန်ကုန်တိုင်းတရားရုံးအနားက မြို့တော်ခန်းမရှေ့မှာ လုံထိန်းကား ၁၂ စီး၊ ကွပ်ကဲရေးကား ၂ စီး၊ တန်းစီပြီးအစဉ်သင့်စောင့်နေတယ်။ လုံထိန်းတပ်ဖွဲ့ဝင်တွေက ဒိုင်းတွေတင်ထားတဲ့ကားတွေပေါ်မှာ တချို့ထိုင်စောင့်နေတယ်။ တချို့ကတော့ တရားရုံးနဲ့မဟာဗန္ဓုလပန်းခြံဘက် ကားလမ်းတွေဘက်မျက်နှာမူပြီး လက်နက်တွေနဲ့အစဉ်သင့်ရပ်နေကြတယ်။ တိုင်းတရားရုံးအရှေ့တည့်တည့်မှာတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သိပ်မတွေ့ရဘူး။ အရပ်ဝတ်နဲ့ စကားပြောစက်ကိုင်ထားတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုဘဲ တွေ့ရတယ်။” လို့ ပြောပါတယ်။

ရန်ကုန်တိုင်းတရားရုံးသို့ အမှုရုံးချိန်းတခုအတွက်သွားတဲ့ ရှေ့နေတဦးကလည်း တိုင်းတရားရုံးသို့ဝင်သည့် စိစစ်ရေးကပ်ပြားပုံစံအသစ်လုပ်ထားတာကြောင့် ဝင်ခွင့်မရဘဲ ပြန်လှည့်ခဲ့ရကြောင်းပြောပါတယ်။ အဆိုပါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အယူခံအမှု ကြားနာစစ်ဆေးမှုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ခွင့်မရသကဲ့သို့ သာမန်ပြည်သူများလည်း သွားရောက်နားထောင်ခွင့်မရကြောင်း ကိုယ်တိုင်သွားရောက်နားထောင်ရန်ကြိုးစားခဲ့သူ ပြည်တွင်းသတင်းအယ်ဒီတာတဦးက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်သည် စစ်အစိုးရကအကျယ်ချုပ်ချထားစဉ်ကာလအတွင်း သူမရဲ့နေအိမ်ကို အမေရိကန်နိုင်ငံသား မစ္စတာဂျွန်ဝီလီယံယက်တော ကျူးကျော်ဝင်ရောက်ခဲ့သည်ကို လက်ခံခဲ့သည်ဆိုသည့်အမှုဖြင့် စစ်အစိုးရက ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့သည်။ ထောင်ဒဏ်အမိန့်မချမှတ်ခင် အစိုးရအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်နှင့်ပြစ်ဒဏ်ကို တဝက်လျှော့ချပေးခဲ့ပြီး ကျန်တဲ့ထောင်ဒဏ်ကိုလည်း ဆိုင်းငံ့ထားလိုက်ကာ အကျယ်ချုပ်ဘဝဖြင့် ပြန်လည်နေထိုင်စေခဲ့ခြင်းဖြစ်ပါတယ်။

ယခု အဆိုပါ ထောင်ဒဏ် ၃ နှစ်ချလိုက်တဲ့ အောက်ရုံးရဲ့အမှုကို တိုင်းတရားရုံးက အယူခံအမှုအဖြစ် လက်ခံစစ်ဆေးနေခြင်းဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံအမှု စစ်ဆေးကြားနာရာ ရန်ကုန်တိုင်းတရားရုံးတဝိုက်တွင် လုံခြုံရေးများပိုမိုချထားသော်လည်း အခြားနေရာများတွင်မူ ပုံမှန်ဖြစ်ကြောင်း မျက်မြင်သက်သေများကပြောပါတယ်။

တက္ကစီသမားတဦးက “ခါတိုင်းအရင်ရက်တွေကဆိုရင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ တောင်ဘက်မုခ်၊ စတဲ့နေရာတွေမှာ လုံထိန်းကားတွေ ကွပ်ကဲရေးကားတွေချထားပေမယ့် ဒီနေ့မတွေ့ရဘူး။” လို့ပြောပါတယ်။ မြို့ခံတချို့ကတော့ လုံထိန်းကားများဟာ နေခင်းနဲ့ညနေပိုင်းတို့မှာ ပိုပြီးအင်အားပြတတ်ကြောင်း ပြောပါတယ်။ အာဏာသိမ်း ၂၁ နှစ်ပြည့် ယနေ့ထုတ်သတင်းစာများတွင် စစ်အစိုးရက အကျဉ်းသား ၇,၁၁၄ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း ကြေညာထားပါတယ်။

ရန်ကုန်တိုင်းအတွင်း တာဝန်ထမ်းဆောင်နေတဲ့ အမည်မဖော်လိုတဲ့ သတင်းတပ်ဖွဲ့ရဲ့အရာရှိတဦးက အခုလွှတ်ပေးလိုက်တဲ့အထဲမှာ ယခင် ထောင်နှစ်ရှည်ချထားတဲ့ ထောက်လှမ်းရေးအရာရှိတွေနဲ့ အကောက်ခွန်ဦးစီးဌာနအရာရှိတွေ အများဆုံးပါဝင်ကြောင်း နိုင်ငံရေးသမားအနည်းငယ်သာပါမှာဖြစ်ကြောင်း ပြောသော်လည်း မည်သူပါဝင်မည်ဆိုသည်ကိုမူ တိတိကျကျထုတ်ဖော်ပြောဆိုခြင်းမျိုး မရှိပါဘူး။

# အဖွဲ့ချုပ်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲဝင်ရေး မဝင်ရေးမဆုံးဖြတ်သေး

## ရွေးကောက်ပွဲဟာ အချိန်ကာလကျင်းပမယ့်ဥပဒေ တိကျစွာမထုတ်ပြန်တဲ့အတွက် မဆုံးဖြတ်သေး

**RFA၊ စက်တင်ဘာ ၁၃။** ။ မြန်မာစစ်အစိုးရက ရှေ့လာမယ့် ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲကိုကျင်းပမယ်လို့ အတည်ပြုပြောဆိုနေပေမယ့် တိကျရေရာတဲ့အနေအထားတွေ မတွေ့ရသေးတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲ ဝင်မယ် မဝင်ဘူးဆိုတာ တိတိကျကျမဆုံးဖြတ်သေးဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုလိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်က တင်ပြထားတဲ့ ရွှေဂုံတိုင်ကြေညာချက်ပါ ကမ်းလှမ်းချက်တွေနဲ့ပတ်သက်လို့ မြန်မာစစ်အစိုးရက အကြောင်းပြန်ကြားတာမျိုးမရှိသလို လာမယ့်ရွေးကောက်ပွဲဟာလည်း ဘယ်အချိန်ကျင်းပမယ်၊ ဘယ်လိုဥပဒေတွေနဲ့ကျင်းပမယ်ဆိုတာ ဒီကနေ့အထိ ထုတ်ပြန်တာလည်းမရှိသေးတဲ့အတွက် မဆုံးဖြတ်သေးဘူးလို့ ဆိုပါတယ်။

"ကျနော်တို့ လုံးဝမဆုံးဖြတ်ရသေးပါဘူး။ ရွေးကောက်ပွဲဟာ ဘယ်တော့ကျင်းပမှာလဲ။ ဘယ်ဥပဒေနဲ့ကျင်းပမှာလဲ၊ ဘာစည်းကမ်းတွေရှိသလဲ၊ ကျနော်တို့ မသိဘူး။ ဘယ်သူမှလည်းမသိဘူး။ အဲဒီအခြေအနေမှာ ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေးကို ကျနော်တို့ဆုံးဖြတ်မှာမဟုတ်ဘူး။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွှေဂုံတိုင်ကြေညာစာတမ်းအရ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဖမ်းဆီးထားတဲ့နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းထဲက အချက်အလက်တချို့ကို ပြည်လည်သုံးသပ်ပြင်ဆင်ပေးရင်၊ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲဝင်ဘို့ စဉ်းစားမယ်ဆိုတာမျိုး ပြောဆိုထားပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလ ၉ ရက်နေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာကြီးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်က ၂၀၁၀ ရွေးကောက်ပွဲဟာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီကို ဖော်ဆောင်ပေးနိုင်ခြင်းမရှိတာကြောင့် ပြည်သူတွေအတွက် မလိုအပ်တဲ့ ရွေးကောက်ပွဲပါဘဲလို့ ရေးသားခဲ့ပါတယ်။ ဒီအတောအတွင်း နေပြည်တော်သတင်းရပ်ကွက်ကလာတဲ့ သတင်းအချို့အရ စစ်အစိုးရက နိုင်ငံရေးပါတီထောင်ဘို့ပြင်ဆင်နေပြီး အဲဒီပါတီရဲ့အမည်ဟာ အမျိုးသားနိုင်ငံရေးပါတီ မနပ လို့အမည်ရကြောင်း။

ဒီပါတီမှာပါဝင်မယ့် ခေါင်းဆောင်တွေစာရင်းကိုလည်း ပြုစုခားပြီးဖြစ်ကြောင်း၊ အဲဒီစာရင်းမှာ လက်ရှိအစိုးရထဲက ဝန်ကြီးတချို့နဲ့ ခေါင်းဆောင်တချို့ ပါဝင်ကြောင်း၊ မကြာခင် ၂၀၁၀ နှစ်ဆန်းပိုင်းလောက်မှာ ကြားဖြတ်အစိုးရသဘောမျိုးဆန်တဲ့ အစိုးရသစ်ကို ကြေညာနိုင်ကြောင်း၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကိုတော့ စစ်အစိုးရရဲ့ မနပ ပါတီအနိုင်ရရေး ဆောင်ရွက်ပေးရမယ့် အင်အားစုအဖြစ်နဲ့ ဆက်လက်ထားရှိမှာဖြစ်ကြောင်း။

နေပြည်တော်မှာတည်ဆောက်နေတဲ့ လွှတ်တော်အဆောက်အဦဟာလည်း ၂၀၁၀ နှစ်ကုန်ပိုင်းလောက်မှာ ပြီးစီးနိုင်မှာဖြစ်ကြောင်း၊ အတည်မပြုနိုင်သေးတဲ့သတင်းတွေ ထွက်ပေါ်နေပါတယ်။ RFA အနေနဲ့ ဒီသတင်းကိုအတည်ပြုနိုင်ဘို့ ဆက်လက်စုံစမ်းနေဆဲဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လာမယ့် ၂၀၁၀ ရွေးကောက်ပွဲ ဝင် မဝင်နဲ့ပတ်သက်လို့ သိရှိနိုင်ဘို့ ပါတီရဲ့ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ

**RFA။** ။ အဲန်ကယ်လ်ဦးဉာဏ်ဝင်းခင်ဗျား ဒီကနေ့ထုတ်စစ်အစိုးရသတင်းစာတွေမှာလည်း ရေးသားထားပါတယ်။ စစ်အစိုးရအနေနဲ့ ၂၀၁၀ မှာရွေးကောက်ပွဲကိုကျင်းပပေးမယ်၊ နောက် တခြားအဖွဲ့အစည်းတွေလည်း ဝင်ရောက်ဘို့ရှိနေတဲ့အကြောင်း ဒီလိုရွေးကောက်ပွဲဝင်တာဟာ မှန်ကန်တဲ့လမ်းကြောင်းတခုဖြစ်ကြောင်း ရေးသားထားတာကိုတွေ့ရပါတယ်။ အဲဒီတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကိုဝင်ဘို့အစီအစဉ်ရှိပါသလား ခင်ဗျ။

"ကျနော်တို့လုံးဝမဆုံးဖြတ်ရသေးပါဘူး။"

**RFA။** ။ ဟုတ်ကဲ့၊ အဲန်ကယ်လ် နောက်ထပ်မေးခွန်းလေးတခုလောက်ပေးပါရစေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွှေဂုံတိုင်ကြေညာချက်ထဲမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းကိုပြင်ဆင်ပေးရင်၊ ရွေးကောက်ပွဲဝင်ဘို့စဉ်းစားမယ်ဆိုတာမျိုး ကမ်းလှန်းထားပါတယ်။ ဒါပေမယ့်လည်း စစ်အစိုးရဘက်ကနေပြီးတော့ ဒီကိစ္စအပေါ်မှာ အခုအချိန်အထိ အကြောင်းပြန်ကြားတာမျိုး မတွေ့ရသေးပါဘူး။ အဲဒီလိုအကြောင်းမပြန်သေးတဲ့အတွက်ကြောင့် ဆိုလိုတာက လာမယ့်ရွေးကောက်ပွဲအပေါ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဘယ်လိုသဘောထားပါသလဲ ခင်ဗျ။

"ကျနော်တို့ရွှေဂုံတိုင်ကြေညာစာတမ်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲဝင်ဘို့ စဉ်းစားမယ့်အချက်တွေကို ကျနော်တို့ရွေးကောက်ပွဲဆိုင်ရာအနေနဲ့ နောက်ဆုံးမှာဖော်ပြလိုက်တယ်။ ဒါဟာ အဲန်အဲယ်လ်ဒီရဲ့သဘောထား။ ကျနော်တို့ ဒီဥစ္စာက တကယ်တမ်းကျတော့ ရွေးကောက်ပွဲဝင်မယ် မဝင်ဘူးဆိုတာ အဲဒီလိုအချက်တွေလုပ်တောင်မှ ကျနော်တို့က စဉ်းစားမယ့်အဆင့်ဘဲရှိသေးတယ်။ ဝင်မယ် မဝင်ဘူးမပြောနိုင်ဘူး။

ဘာကြောင့်လည်းလို့ဆိုတဲ့အခါကျတော့ ကျနော်တို့ ရွေးကောက်ပွဲဟာ ဘယ်တော့ကျင်းပမှာလဲ၊ ဘာဥပဒေနဲ့ကျင်းပမှာလဲ၊ ဘာစည်းကမ်းတွေရှိသလဲ၊ ကျနော်တို့မသိဘူး၊ ဘယ်သူ့မှမသိဘူး။ ဆိုတော့ အဲဒီအခြေအနေမှာ ရွေးကောက်ပွဲဝင်ရေး မဝ င်ရေးကို ကျနော်တို့ဆုံးဖြတ်မှာမဟုတ်ပါဘူး။"

**RFA။** ။ ဟုတ်ကဲ့အဲန်ကဲယ်လ်၊ ၂၀၁၀ ရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိရင် လာမယ့် အနာဂတ်နိုင်ငံရေးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပါဝင်နိုင်ခွင့် အခွင့်အလမ်းတွေ ဆုံးရှုံးသွားနိုင်တယ်လို့ ခန့်မှန်းပြောဆိုမှုတွေ Assumption ခန့်မှန်းပြောဆိုချက်တွေ ထွက်ပေါ်နေတာတွေရှိပါတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အဲန်ကဲယ်လ်တို့ ဘယ်လိုပြန်လည်ရှင်းလင်းပြောကြားလိုပါသလဲ ခင်ဗျ။

"ကျနော်တို့က ရွေးကောက်ပွဲမဝင်လို့ရှိရင် အဲန်အဲယ်လ်ဒီရဲ့အခြေအနေတွေ ယိုင်လဲသွားမယ်၊ မလုပ်နိုင်တော့ဘူးလို့ ပြောနေတာကိုး။ ကျနော်တို့လုပ်နေတာက အဲန်အဲယ်လ်ဒီအတွက်လုပ်နေတာမဟုတ်ဘူး။ ပြည်သူလူထုအတွက်လုပ်နေတာ။ ပြည်သူလူထုအတွက်လုပ်နေတာမို့လို့ ကျနော်တို့စဉ်းစားဆုံးဖြတ်တဲ့နေရာမှာလည်း ပြည်သူလူထုအကျိုးကိုဘဲ အဓိကထားပြီးတော့ဆုံးဖြတ်မှာ၊ အဲန်အဲယ်လ်ဒီဆိုတဲ့ အဖွဲ့အစည်းကောင်းစားရေးအတွက် ကျနော်တို့စဉ်းစားဆုံးဖြတ်တာမဟုတ်ပါဘူး။

---

# ဂျပန်အစိုးရ ပြတ်သားတဲ့မူဝါဒချဖို့လို

**RFA၊ စက်တင်ဘာ ၁၆။** ။ မြန်မာစစ်အစိုးအပေါ် အရင်ထက်ပြတ် သားတဲ့ နိုင်ငံခြားရေးမူဝါဒကို ချမှတ်ဆက်ဆံပေးဘို့ ဂျပန်နိုင်ငံတိုကျိုမြို့မှာ ဂီတဖျော်ဖြေပွဲအတွက်ရောက်ရှိနေတဲ့ အင်္ဂလိပ်လူမျိုး ရုပ်ရှင်သရုပ်ဆောင် အဆိုတော် Ms. Jane Birkin က ရွေးကောက်ပွဲအနိုင်ရ ဂျပန်လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စက်တင်ဘာ ၁၅ ရက်၊ အင်္ဂါနေ့ညနေပိုင်းတွေ့ဆုံစဉ်မှာ တိုက်တွန်းလိုက်ပါတယ်။

AI လို့ခေါ်တဲ့ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့ – ဂျပန်ဌာနခွဲရဲ့အစီအစဉ်အရ တလောက ကျင်းပခဲ့တဲ့ ဂျပန်ရွေးကောက်ပွဲမှာ အပြတ်အသတ်နိုင်ခဲ့ကြတဲ့ ဂျပန်ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်တွေကို Ms. Jane Birkin က လွှတ်တော်အမတ်များအဆောက်အဦ စည်းဝေးခမ်းမမှာ သွားရောက်တွေ့ဆုံစဉ် အဲဒီလိုတိုက်တွန်းခဲ့တာဖြစ်ကြောင်း သိရပါတယ်။

# အစိုးရဆိုတာက သူတို့အကြိုက်ရေးရင် ဖော်ပြမယ် မကြိုက်ရင် ရေးခွင့်မပေးဘူး

**DVB၊ စက်တင်ဘာ ၁၂။** ။ လတ်တလော မြန်မာ့နိုင်ငံရေးသုံးသပ်ချက်သတင်းဆောင်းပါးတွေ ဂျာနယ်အချို့မှာ ဖော်ပြခွင့်ရရှိနေတာ တွေ့ရပါတယ်။ ခုလို ရရှိနေတာနဲ့ပတ်သက်ပြီး ဝါရင့်သတင်းစာဆရာ လူထုစိန်ဝင်းရဲ့သဘောထားအမြင်တွေကို သိရှိဖို့ဆက်သွယ်မေးမြန်းထားတာကို တင်ပြလိုက်ပါတယ်။

သည်ဗွိုက်စ် ဂျာနယ်တို့ ဘာတို့မှာ သန့်မြင့်ဦးတို့ မစ္စတာဂျင်မ်ဝက်ဘ်တို့ စတဲ့ဆောင်းပါးမျိုးတွေ ဖော်ပြခွင့်ရရှိနေတာတွေနဲ့ ပတ်သက်ပြီး ဆရာ့အမြင်ဘယ်လိုများရှိပါသလဲ။

“အဲဒါက အထူးအခွင့်အရေးအနေနဲ့ရတာ။ အဲဒါနဲ့မတူတဲ့ အယူအဆတွေကို ရေးခဲ့တာတွေကျတော့ လုံးဝကို ထည့်လို့မရဘူး။ ဒါကို ကျနော်တို့က ဝမ်းသာရတယ်လို့ ပြောလို့မရဘူးဗျ။ အထူးအခွင့်အရေးနဲ့သူတို့ တစောင်ကိုပဲ ရတာပါ။ သူတို့ အယူအဆတွေကို ပြန်ချေပတဲ့ ဆောင်းပါးတွေ ၄ ပုဒ်လောက်ရေးခဲ့တယ်။ ၄ ပုဒ်စလုံး အဖြုတ်ခံရတာပဲ။”

ဟုတ်ကဲ့ဆရာ၊ ဆရာဘယ်ဂျာနယ်တွေမှာများ ရေးခဲ့တာလဲ။...

“ကျနော် ဝိကလီးမှာရေးတယ်၊ နယူးစ်ဝက်ချ်မှာရေးတယ်၊ ထရူးမှာရေးတယ်၊ ဖေးဘရိတ်မှာရေးတယ်။ အယူအဆကို အယူအဆချင်းပြန်ချေပတာ။ အဲဒါမျိုးတွေ ရေးလို့မရဘူး။ သူတို့ကတော့ အထူးအခွင့်အရေးအနေနဲ့ ရေးခွင့်ရတာပေါ့ဗျာ။”

ဆရာ ဘယ်လိုပုံစံမျိုးနဲ့ပြန်ပြီးရေးထားတာမျိုးတွေ အပယ်ခံရတာလဲ...

“ဥပမာ ကျနော်နမူနာလေးတခုပြောမယ်။ အတိတ်ကိုလည်းမကြည့်နဲ့၊ အနာဂတ်ကိုလည်းမကြည့်နဲ့၊ လက်တွေ့ကိုပဲကြည့်ဆိုတဲ့စကားလုံးပေါ့။ အဓိပ္ပာယ်မရှိဘူးလို့ ကျနော်ကချေပတယ်။ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ဆိုတဲ့ကွင်းဆက်ဟာ ဖြတ်ပစ်လို့မရဘူး။ အတိတ်ကို ပြန်မကြည့်ချင်တဲ့လူတွေကအတိတ်မလှတဲ့ လူတွေဖြစ်တယ်။ အနာဂတ်ကို မကြည့်တဲ့လူတွေက အနာဂတ်မှာသူတို့အတွက်နေရာမရှိတဲ့ လူတွေဖြစ်တယ်လို့ ကျနော်ရေးခဲ့တယ်။ အဲဒါမျိုးတွေကျတော့ ရေးခွင့်မရဘူးလေ။”

ဆောင်းပါးတွေမှာ သူတို့ပြောတဲ့ အမျိုးသားစီးပွားကို ရှေ့ရှုဖို့တို့၊ သမိုင်းသင်ပုန်းချေဖို့တို့ဆိုတဲ့ စကားလုံးမျိုးတွေက ဒီဘက်က အတိုက်အခံအင်အားစုတွေကြားမှာ သဘောထားကွဲပြားစရာတွေ ဖြစ်နေတယ်။ အဲဒီအပေါ်ဆရာ ဘာများ ပြောချင်ပါသလဲ...

“ပြည်သူလူထုကြားထဲမှာ ဘာမှ သဘောထားကွဲမှု၊ အငြင်းပွားမှု မရှိဘူး။ နိုင်ငံရေးအချောင်သမားတွေ ကြားထဲမှာတော့ သဘောထားကွဲတာ ရှိနိုင်တယ်။ ပြည်သူလူထုကို ကျနော်ကောင်းကောင်းယုံတယ်။ နိုင်ငံရေးအချောင်သမားတော့ သူတို့ အကျိုးစီးပွားအတွက် နိုင်ငံရေးလုပ်ကြတာကိုး။ သူတို့အကျိုးစီးပွားကို မျှော်ကြည့်မှာပဲ။ အဲဒီလိုရေးသားနေတဲ့လူတွေ အတိတ်ကိုမကြည့်နဲ့၊ အနာဂတ်ကိုမကြည့်နဲ့၊ ပစ္စုပ္ပန်ပဲကြည့်ဆိုတဲ့ လူတွေကို ၇၄ ကို ပြန်ကြည့်ပါလို့ကျနော်တခွန်းတည်းပဲ ပြောချင်တယ်။”

သူတို့ကို ထောက်ခံတဲ့ ဆောင်းပါးမျိုးတွေကိုပဲ ဖော်ပြနေတဲ့အပေါ် သတင်းသမားအမြင်နဲ့ ဆရာဘယ်လိုများ ပြောချင်ပါသလဲ...

“အစိုးရကတော့ ဒါထုံးစံပဲ။ ဘယ်အစိုးရ မဆိုပါ။ သူတို့အကြိုက်ဖော်ပြတဲ့ဟာတွေကို လွတ်လွတ်လပ်လပ် ရေးခွင့်ပေးမယ်။ သူတို့အကြိုက် မဖော်ပြတဲ့လူတွေကို ရေးခွင့်မပေးဘူး။ ဒါ အစိုးရတွေရဲ့ လုပ်ရိုးလုပ်စဉ်ပဲ၊ ကျနော်က လုပ်တဲ့သူတွေကိုပဲ ပြောချင်တယ်။ တိုင်းပြည်နဲ့ ပြည်သူလူထုမျက်နှာကို မထောက်ဘဲ ကိုယ့်အကျိုးစီးပွား တခုတည်းအတွက် ဒီလိုရေးနေတဲ့ လူတွေကိုပဲ အပြစ်ပြောချင်တယ်။ ကျနော် ခဏခဏလည်းရေးတယ်၊ ခဏခဏလည်းပြောတယ်၊ သတင်းစာသမားဆိုတာ အစိုးရရဲ့လက်ကိုင်တုတ်လည်း မဖြစ်အောင်၊ နိုင်ငံရေးပါတီတခုရဲ့လက်ကိုင်တုတ်လည်းမဖြစ်အောင် သူကြည့်ရမှာက ပြည်သူလူထုရဲ့မျက်နှာတခုတည်းပဲဖြစ်တယ်။ အစိုးရမျက်နှာ တခုတည်းကို ကြည့်ပြီးတော့ ပြောနေမယ်၊ ကိုယ်က ပြန်လည်ချေပခွင့်မရှိတဲ့ အရာတွေကို တဖက်သတ်ဖိပြီး ရေးနေခြင်းဟာ သတင်းစာဆရာကောင်းတို့ရဲ့ ကျင့်ဝတ်မဟုတ်ဘူး။”

အမျိုးသားအကျိုးစီးပွားလို နိုင်ငံရေးစကားလုံးတွေသုံးပြီး လုပ်နေပေမယ့် အောက်လမ်းနည်းနဲ့ ဒီမိုကရေစီအင်အားစုတွေကို ပြန်ပြီး ဖိနှိပ်တာမျိုးတွေရှိနေပြန်တယ်။ မီးစာတဘက်၊ ရေမှုတ်တဘက်လို မဟုတ်ဘဲနဲ့အပေါ်ကမီးစာ အောက်က ရေမှုတ်ပေါ့။ အဲလိုမျိုးတွေလုပ်နေတဲ့အပေါ် ဆရာ ဘယ်လိုမြင်ပါသလဲ...

“အင်မတန်ဝမ်းနည်းစရာကောင်းတဲ့ကိစ္စတခုပဲ။ ဒီမိုကရေစီလမ်းကြောင်းကို သွားနေပါတယ်ဆိုတဲ့ စကားလုံးအပေါ်မှာတော့ ကျနော်တို့က သံသယဖြစ်ရလိမ့်မယ်။”

# အိတ်ချ်အိုင်ဗွီ အဖွဲ့အစည်းများ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းရန်အမိန့်ထုတ်

**DVB၊ စက်တင်ဘာ ၁၂။** ။ HIV-AIDS ရောဂါ ကူးစက်ခံရသူတွေအတွက် လူမှုရေး လုပ်ငန်းတွေ လုပ်ဆောင်ပေးနေတဲ့ အဖွဲ့အစည်းတွေကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ခုခံအားကျဆင်းရောဂါနဲ့ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့က ဖွဲ့စည်းထားတဲ့ HIV ပိုးရှိသူများ ကွန်ယက်အဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ရမယ်လို့ သိရပါတယ်။

HIV-AIDS ရောဂါကူးစက်ခံရသူတွေအတွက် ကူညီဆောင်ရွက်ပေးနေတဲ့ လူမှုရေးအဖွဲ့အစည်းတွေကို HIV ပိုးရှိသူများကွန်ယက်အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ရမယ်လို့ ကူးဆက်ရောဂါတိုက်ဖျက်ရေး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင် ကိုယ်တိုင်လက်မှတ်ထိုးပြီး ဒီလဆန်းပိုင်းက ထုတ်ပြန်ကြေညာခဲ့တာပါ။ ဒီကြေညာချက်ထဲမှာ လူမှုရေးအဖွဲ့အစည်းတွေဟာ သီးခြားရပ်တည်ဖို့ မလိုအပ်တော့ဘဲ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့အောက်မှာရှိတဲ့ HIV-AIDS ပိုးရှိသူများကွန်ယက်အဖွဲ့ရဲ့ လက်အောက်မှာသာ လှုပ်ရှားကြရမှာဖြစ်ပါတယ်။

သီးခြားအဖွဲ့အစည်းအမည်တပ်ပြီး လှုပ်ရှားချင်တယ်ဆိုရင် အာဏာပိုင်အဖွဲ့အစည်းတွေဖြစ်တဲ့ မယက၊ ခယက၊ တယကနဲ့ ပြည်ထဲရေးဝန်ကြီးဌာနအဆင့်ဆင့်ဆီက ခွင့်ပြုချက်ရယူပြီးမှ ဖွဲ့စည်းခွင့်ရှိမယ်လို့ အဲ့ဒီကြေညာချက်က ဆိုပါတယ်။ ဒီလိုကျန်းမာရေးဝန်ကြီးဌာနက လူမှုရေးအဖွဲ့အစည်းတွေကို မှတ်ပုံတင်ခိုင်းပြီး HIV ပိုးရှိသူများကွန်ယက်အဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ရမယ့် အစီအစဉ်တွေနဲ့ပတ် သတ်ပြီး AIDS ရောဂါ ကူးစက်ခံသူတွေအတွက် လူမှုရေးလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ အန်ဂျီအို ဝန်ထမ်းတစ်ဦးက ပြောပါတယ်။

“အဖွဲ့အစည်းပုံစံမျိုးတွေနဲ့ တင်ခိုင်းတယ်။ တင်တော့လည်း တကယ်တမ်း ဘာမှသေချာပြန်ချပေးတာ မဟုတ်ဘူး။ မှတ်ပုံတင်တင်ဖို့ ပြောပေမယ့် ပြန်မကျတာတွေ ရှိတယ်။”

မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားမှာ AIDS ရောဂါ ပညာပေးတွေနဲ့ ပတ်သက်တဲ့ လူမှုရေးအသင်းအဖွဲ့တွေရဲ့ လုပ်ကိုင်နေရတဲ့ အခြေအနေတွေကိုလည်း အဲဒီဝန်ထမ်းက ပြောပါတယ်။

“လူသိရှင်ကြားလုပ်နေတဲ့ အဖွဲ့တွေရှိသလို လူမသိဘဲ ရပ်ကွက်ထဲမှာလုပ်နေတဲ့သူတွေလည်း ရှိပါတယ်။ နယ်မှာလည်း ကာလသားအသင်းတို့ ကာလသမီးအသင်းတို့ ရှိပါတယ်။ ဝင်ငွေရတာမဟုတ်ဘဲ ကိုယ့်အသိစိတ်နဲ့ ကိုယ်လုပ်နေကြတဲ့အဖွဲ့တွေ။ HIV နဲ့ ပတ်သက်ပြီး လုပ်ရမယ့်အလုပ်တွေ လူတွေကမြင်လာကြတော့ ကိုယ့်အားကိုယ်ကိုး အဖွဲ့လေးတွေဖွဲ့ကြတာ များကြတယ်။ အဖွဲ့ထဲမှာလည်း အခွင့်ရေးယူတတ်တဲ့ လူတချို့လည်း ရှိကောင်းရှိမှာပေါ့။ အဲဒါကြောင့် သတင်းကထွက်နေမှာပေါ့။”

အစိုးရဘက်က လူမှုရေးအဖွဲ့အစည်းတွေကို ကျန်းမာရေးဝန်ကြီး ဌာနလက်အောက်က လုပ်ကိုင်ကြဖို့ ညွှန်ကြားတာနဲ့ ပတ်သက်ပြီး အစိုးရဘက်က အထောက်အပံ့တွေရလာဖို့ထက် လုပ်ကိုင်ရတာ အဆင်မပြေတော့မှာကို စိုးရိမ်ရတယ်လို့ လူမှုရေးလုပ်ငန်းလုပ်ကိုင်သူ အချို့ကပြောပါတယ်။

# ၈၈ မျိုးဆက်ကျောင်းသူ နိုဘယ်အေး တိုက်ပိတ်ခံရခြင်းမဟုတ်ဟု ဆို

**DVB | စက်တင်ဘာ ၁၅ ။** ။ စစ်ကိုင်းတိုင်း မုံရွာထောင်မှာ အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသူ မနိုဘယ်အေး တိုက်ပိတ်ခံထားရတယ်လို့ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ အေအေပီပီဘီ က မနေ့က ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

ဒီနေ့ နေ့ခင်းပိုင်းထောင်ကို ဆက်သွယ်မေးမြန်း စုံစမ်းချက်အရ ဒီသတင်း မဟုတ်မှန်ဘူးလို့ ထောင်ပိုင်ကိုယ်တိုင်က ပြောကြောင်း မနိုဘယ်အေးရဲ့မိခင် ဒေါ်အေးမြင့်သန်း က ပြောပါတယ်။

“သူ နိုဘယ်အေးကို နေ့တိုင်း ဝင်ကြည့်ပါတယ်တဲ့။ ဒီမနက် သူ နိုဘယ့်ကို ဝင်တွေ့တော့ ရေမိုးချိုး သနပ်ခါးလိမ်းပြီး ပြုံးပြုံးရွှင်ရွှင်နဲ့တဲ့။ တရားမှတ်ဖို့ သူ့ကို စားပွဲတင်နာရီတလုံး ဝယ်ခွင့်ပြုဖို့ ထောင်ပိုင်ကို အကူအညီတောင်းတော့ သူပိုင်တဲ့ စားပွဲတင်နာရီအဟောင်းလေး သူ့ကို သွားပေးပါတယ်တဲ့။ အန်တီလာတဲ့ အခါမှာ အန်တီ့သမီးကိုခေါ်ပြီး မေးနိုင်ပါတယ်တဲ့။ တိုက်ပိတ်တယ်ဆိုတာမမှန်ပါဘူးတဲ့။ ဘယ်လိုလုပ်ပြီး အဲဒီသတင်းထွက်တာလဲဆိုတာ မသိဘူးတဲ့။”

မနိုဘယ်အေး တိုက်ပိတ်ခံရတယ်ဆိုတာကို မနေ့ကကြားသိရလို့ သူ့အနေနဲ့ အတော်လေးစိုးရိမ်ပူပန်ခဲ့ရတယ်လို့လည်း ဒေါ်အေးမြင့်သန်းက ဆက်ပြောပြပါတယ်။

“ပြီးခဲ့တဲ့အပတ် ထောင်ဝင်စာတွေ့တော့ အရမ်းကို ဂနာမငြိမ်ဘူး၊ ခုန်ပေါက်ပြီးတော့ ထောက်လှမ်းရေးတွေကိုလည်း တိုင်၊ အန်တီ့ကိုလည်း ပြောပေ့။ သူ နေရထိုင်ရတာ စိတ်မချမ်းသာတဲ့အကြောင်းတွေကို မခံမရပ်နိုင်တဲ့ ပုံစံမျိုးတွေနဲ့ပြောတယ်။ မုံရွာရဲ့ရာသီဥတုကလည်း အန်တီကိုယ်တိုင် ခံစားခဲ့ရတာလေ။ တညလေး တည်းခိုတာတောင် တညလုံး မအိပ်ရဘူး၊ ပူတာ အရမ်းပူတယ်၊ သူနေရတာက မျက်နှာစာက ၇ ပေ၊ နောက်ကို ၈ ပေဆိုလား၊ ၉ ပေ ဆိုလားမသိဘူး။ အမြင့်က ၁၀ ပေပဲမြင့်တယ်တဲ့။ နောက်က ၃ ဖက်က လေဝင်ပေါက်မရှိဘဲ အလုံပိတ်ထားတယ်လေ။ အဝင်အထွက်တံခါးတခုပဲ အပွင့်ရှိတယ်။”

မနိုဘယ်အေး မှာ အသည်းရောဂါ ရှိတဲ့အတွက် သူ့ကျန်းမာရေးအတွက် စိုးရိမ်တယ်လို့လည်း ပြောပါတယ်။ မနိုဘယ်အေးကို တလတခါပုံမှန် ထောင်ဝင်စာသွားတွေ့ရာမှာ အိုင်စီအာစီက လမ်းစရိတ်ပေးတယ်ဆိုပေမယ့် ကိုယ်ပိုင်ဝင်ငွေမရှိဘဲ သွားရတဲ့အခါမှာရှိတာတွေ ထုခွဲသွားရတယ်လို့ တွေ့ကြုံရတဲ့အခက်ခဲတွေကို ဒေါ်အေးမြင့်သန်း က ပြောပါတယ်။

“တခေါက်သွားရင် ၆ သောင်း၊ ၇ သောင်း ကုန်တယ်။ တလတခေါက်သွားရင် သူ့ဆီ ၂ သောင်းအပ်ခဲ့တယ်။ အိုင်စီအာစီက လမ်းစရိတ်ပဲ ပေးတာဆိုတော့ အန်တီ့မှာဝင်ငွေမရှိဘူး။ အန်တီအိမ်မှာလုပ်တဲ့ကျောင်းလေးက အခမဲ့လေ။ ထောင်ကျတဲ့ အန်တီတို့သားအမိနှစ်ယောက်နဲ့ မိသားတစုလုံးနဲ့ကလည်း ပြန်ထွက်လာပြီးကတည်းက အစေးမကပ်ကြတော့ဘူး။”

မနိုဘယ်အေး တိုက်ပိတ်ခံရတဲ့အကြောင်း မနေ့က ကြေညာချက်ထုတ်ခဲ့တဲ့ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ အေအေပီပီဘီ အတွင်းရေးမှူး ကိုတိတ်နိုင်က...

“ပြီးခဲ့တဲ့ စနေနေ့က မနိုဘယ်အေး တိုက်ပိတ်ခံရတယ်ဆိုတဲ့အကြောင်း ကျနော်တို့ ကြားရတယ်။ စုံစမ်းကြည့်တော့ သူက နဂိုကတည်းက တိုက်ခန်းမှာ နေရတာဖြစ်နေတယ်။ ကျနော်တို့ ကြားရတာက ထောင်ဝင်စာသွားတွေ့နေတဲ့ မိသားစုတွေက ပြန်ပြောလို့ကြားရတာပါ။ သူတို့ ပြောပြတာက တိုက်ပိတ်ပြစ်ဒဏ်ပုံစံမျိုးသဘောရောက်ပါတယ်။ ဘာကြောင့် အဲလို ဖြစ်တယ်ဆိုတာတော့ ကျနော်တို့ သေသေချာချာ မသိရသေးဘူး။ ဆက်လက်ပြီး စုံစမ်းနေတုန်းပါ။”

မနိုဘယ်အေး ကို ၂၀၀၇ ခုနှစ် ဩဂုတ် လ ၂၃ ရက်နေ့မှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် ၁၁ နှစ် ချထားတာဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ် မနိုဘယ်အေးဟာ ၁၉၈၈ ခုနှစ် စက်တင်ဘာက ပထမအကြိမ် ဖမ်းဆီးခံရပြီး စစ်အုပ်စုက ထောင်ဒဏ် ၄၂ နှစ် ချခဲ့ရပြီး ၂၀၀၅ ဇူလိုင်မှာ ပြန်လွတ်လာတာဖြစ်ပါတယ်။

# နအဖနှင့် ကေအိုင်အိုအကြား နယ်ခြားစောင့်တပ်ကိစ္စ ၇ ကြိမ်မြောက် ဆွေးနွေး

**DVB | စက်တင်ဘာ ၁၄ ။** ။ နအဖက အပစ်ရပ်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းဖို့ ကေအိုင်အိုနဲ့ နအဖအကြား ဆွေးနွေးပွဲဟာ ခုနစ်ကြိမ်တိုင်ရှိပြီဖြစ်ပြီး ထူးခြားတဲ့ တိုးတက်မှုမရှိဘဲ အဆုံးသတ်ခဲ့ရပါတယ်။

ဒီလ ၉ ရက်နေ့က မြစ်ကြီးနားမှာ ကေအိုင်အို ဒုဥက္ကဋ္ဌ ၁ ဂေါ်ရီဇော်ဆိုင်း ဦးစီးတဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ တပ်မတော်ရေးရာ လုံခြုံရေး ဒုဗိုလ်ချုပ်ကြီးရဲမြင့် ခေါင်းဆောင်တဲ့ နအဖကိုယ်စားလှယ်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒုဗိုလ်ချုပ်ကြီးရဲမြင့်က ကေအိုင်အိုကို နယ်ခြားစောင့်တပ် အသွင်ပြောင်းဖို့ ၇ ကြိမ်မြောက်နားချခဲ့ပါတယ်။ ကေအိုင်အိုအနေနဲ့ နယ်ခြားစောင့်တပ်အဖြစ် မပြောင်းလဲလိုဘဲ ကချင်ဒေသစောင့်တပ်အဖြစ်ပြောင်းလဲလိုတဲ့ ကိစ္စကို တင်ပြဆွေးနွေးခဲ့တယ်လို့ ကေအိုင်အို ဗဟိုကော်မတီဝင် ဂျိမ်းစ်လွန်ဒေါင်က ပြောပါတယ်။

“နအဖက ခါတိုင်းလိုပဲ နယ်ခြားစောင့်တပ် ပြောင်းဖို့၊ ကျနော်တို့ တင်ပြတာက ကချင်ဒေသစောင့်တပ် အဖြစ် ပြောင်းလဲဖို့ ဆက်လက်တင်ပြတုန်းပဲ ရှိသေးတယ်၊ သဘောတူညီမှု ဘာမှ မရသေးဘူး၊ ဒီရက်ပိုင်းက ညှိနှိုင်းဖလှယ်တဲ့အပိုင်းဖြစ်နေတယ်။”

စတင်အပစ်ရပ်စဉ်က လက်နက်ချစရာ မလိုဘဲ ကိုယ့်နယ်မြေမှာ ကိုယ်လက်နက်ကိုင်၊ စီးပွားရေး လုပ်ခွင့်ပေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ် ဆိုတာလောက်သာ ပြောကြပြီး နယ်ခြားစောင့်တပ်အဖြစ်၊ ပြည်သူ့စစ်အဖြစ် ပြောင်းလဲဖို့ဆိုတာတွေ သဘောတူညီချက်တွေမှာ မပါပါဘူး။ အစိုးရအဆက်အဆက်က မတရားကြေညာချက်တွေကိုလည်း ပြန်လည်ရုတ်သိမ်းကြောင်း ဖော်ပြထားခြင်းမရှိသေးပါဘူး။ အရင်က အစိုးရအဆက်ဆက်က လက်နက်ကိုင်အဖွဲ့တွေကို လက်နက်ချဖို့ ကမ်းလှမ်းနေရာက အခုအစီအစဉ်က ဖွဲ့စည်းတည်ထောင်ထားတဲ့ အဖွဲ့တွေဖျက်ပြီး ရှိတဲ့ လက်နက်ရော၊ လူပါ တပ်မတော်ကို ပေးပါလို့ အဆင့်တိုး တောင်းဆိုချက်ဖြစ်ပါတယ်။ ဒါကို တခြားအင်အားနည်းပါးတဲ့ အပစ်ရပ်အဖွဲ့ အနည်းငယ်က သဘောတူကြတာ ရှိပေမယ့် အင်အားအတန်အသင့် ရှိတဲ့ ကေအိုင်အို၊ မွန်ပြည်သစ်ပါတီ၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီက လက်မခံပါဘူး။ ကေအိုင်အိုဟာ စစ်ရေးနည်းလမ်းနဲ့ တိုင်းပြည်ပြဿနာတွေကို ဖြေရှင်းတာထက် နိုင်ငံရေးနည်းနဲ့ လုပ်ကိုင်တာကို ပိုလိုလားတယ်လို့ ဂျိမ်းစ်လွန်ဒေါင်က ပြောပါတယ်။ နအဖက လုပ်နေတဲ့နယ်ခြားစောင့်တပ်ဟာ စစ်ရေးကိစ္စဖြစ်ပြီး ကေအိုင်အိုက နိုင်ငံရေးကိစ္စကိုပထမလုပ်ရမယ်လို့ ယူဆတဲ့အကြောင်း ဂျိမ်းစ်လွန်ဒေါင်က ပြောပါတယ်။

“အဲ့ဒီကိစ္စဟာ မူအားဖြင့် ကျနော်တို့လက်မခံနိုင်စရာ ဘာမှ မရှိပေမယ့် အကုန်လုံး အလိုက်ဆိုရင် ရှေ့နဲ့နောက်ကို နည်းနည်းထားရှိခွင့် ပြောင်းရမယ်။ နိုင်ငံရေးနဲ့ဖြေရှင်းဖို့ ဆုံးဖြတ်ထားတဲ့ကြားမှာ တဖြည်းဖြည်း အောင်မြင်တဲ့အပိုင်းကို ရောက်သွားနိုင်တယ်။ အဲ့ဒီကြားမှာမှ စစ်ရေးဝင်လာမယ်ဆိုရင် မကိုက်ဘူး။ အဲ့ ဒီအတွက် စစ်ရေးဆိုတာ နောက်မှာဆွေးနွေးရမယ့်ဟာ ဖြစ်တယ်။ နိုင်ငံရေးနဲ့ ဖြေရှင်းသွားပြီး ပြည်သူလူထုကြိုက်တဲ့ အပစ်ရပ်ကို တင်မြှောက်လိုက်မယ်။ အဲ့ဒီ အပစ်ရပ် အစိုးရဖြစ်လာတဲ့အခါ ပြည်သူလူထုအတွက် ရပိုင်ခွင့်ကို ဘယ်လောက် လုပ်ပေးနိုင်ပြီလဲ၊ နှစ်သိမ့်မှုရှိပြီလား၊ အဲ့ဒီအခါကျမှ စစ်ရေးကို ပြန်ပြီးဆွေးနွေးရလိမ့်မယ်။”

ကျော်ကျော်စိုး

# ဒီမိုကရေစီဖတ်စာ

New Year's Address
Vaclav Havel (၁၉၃၆– )

## နှစ်သစ်ကူးမိန့်ခွန်း

**ယခင်တပတ်မှအဆက်**

ကျနော်တို့ ဒီကနေ့ရရှိနေတဲ့လွတ်လပ်မှုအတွက် ပေးဆပ်ရပါလိမ့်မယ်၊ ၁၉၅၀ ခုနှစ်တွေတုန်းက မြောက်မြားလှတဲ့ ပြည်သူပြည်သူတွေ အကျဉ်းထောင်ထဲမှာ သေဆုံးခဲ့ကြရတယ်၊ အမြောက်အမြားဟာ သတ်ဖြတ်ခံခဲ့ကြရတယ်၊ ထောင်ပေါင်းများစွာသောပြည်သူတွေရဲ့ ဘဝတွေပျက်ခဲ့ကြရတယ်၊ ထောင်နဲ့သောင်းနဲ့ချီတဲ့ အရည်အသွေးရှိကြတဲ့ပြည်သူတွေ တိုင်းပြည်ထဲမှာနေလို့မဖြစ်လို့ တခြားနိုင်ငံတွေကို ထွက်ခွာခဲ့ကြရတယ်၊ ဒုတိယကမ္ဘာစစ်အတွင်းက တိုင်းပြည်ရဲ့ဂုဏ်သိက္ခာကို ကာကွယ်ခဲ့ကြတဲ့သူတွေ၊ အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်ပုန်ကန်ခဲ့တဲ့သူတွေ၊ လိမ္မာပါးနပ်စွာနဲ့ တိုင်းပြည်ထဲမှာနေ ထိုင်ခဲ့ကြရတဲ့သူတွေဟာလည်း ဖိနှိပ်မှုတွေခံခဲ့ကြရတယ်။

ဒီတော့ ဒီကနေ့ ကျနော်တို့တတွေရနေတဲ့လွတ်လပ်မှုအတွက် တနည်းမဟုတ် တနည်းနဲ့ ပေးဆပ်ခဲ့ကြတဲ့သူတွေကို ကျနော်တို့ မမေ့သင့်ဘူး။ သီးခြားလွတ်လပ်တဲ့တရားရုံးတွေက အဲဒီလို ပြည်သူတွေကို ဖိနှိပ်မှုတွေလုပ်ခဲ့တဲ့သူတွေကို အပြစ်ရှိသလားဆိုတာ စဉ်းစားဆုံးဖြတ်ပါလိမ့်မယ်၊ ဒါမှသာ ကျနော်တို့ တိုင်းပြည်ရဲ့ မကြာသေးတဲ့အတိတ်က အဖြစ်အပျက်တွေကို ကုစားနိုင်မှာပါ။

ကျနော်တို့တတွေရဲ့ စိတ်ထဲမှာ အမြဲရှိနေဖို့က တခြားနိုင်ငံတွေလည်း သူတို့ တတွေ အခုရနေတဲ့ လွတ်လပ်မှုတွေအတွက် ပိုပြီးတော့ ပေးဆပ်ခဲ့ကြရတယ်ဆိုတာပါပဲ။ နောက်ပြီးတော့ ကျနော်တို့တတွေရဲ့ လွတ်လပ်မှုအတွက် သွယ်ဝိုက်ပြီးတော့တောင်ပေးဆပ်ခဲ့ကြပါတယ်၊ ဟန်ဂေရီ၊ ဂျာမဏီ၊ ရိုမေးနီးယားတို့မှာ သွေးချောင်းစီးခဲ့ကြတယ်၊ ဒီလိုပဲ ဆိုဗီယက်ယူနီယံထဲက နိုင်ငံတွေမှာလည်း သွေးချောင်းစီးခဲ့ကြတယ်။ ဒီလိုပြည်သူပြည်သားတွေရဲ့ စွန့်လွှတ်မှုတွေကို မေ့ပစ်လို့မဖြစ်ဘူး၊ ကျနော်တို့တတွေ လွတ်လပ်မှုအသစ်တွေကို ရှာဖွေတွေ့ရှိခဲ့တာတွေဟာ သူတို့တတွေ(ဆိုဗီယက်အုပ်စု)ထဲမှာ အပြောင်းအလဲ တွေဖြစ်ခဲ့လို့ပဲ။ ဆိုဗီယက်၊ ပိုလန်၊ ဟန်ဂေရီ၊ အရှေ့ဂျာမဏီမှာဖြစ်ခဲ့တဲ့ အပြောင်းအလဲတွေက ကျနော်တို့နိုင်ငံမှာ ငြိမ်းချမ်းစွာနဲ့ အပြောင်းအလဲ ဖြစ်လာစေရေးကို သင်ခန်းစာပေးခဲ့ပါတယ်။

အခုဆိုရင် ကျနော်တို့တတွေ မျှော်မှန်းတောင့်တတာတွေ ပြည့်ဝလာစေဖို့ ဆိုတာဟာ ကျနော်တို့ အပေါ်မှာပဲတည်မှီမှာဖြစ်ပါတယ်။ ကျနော်တို့ နိုင်ငံဟာသေးသေးလေးပါ၊ တချိန်ကဆိုရင် ကျနော်တို့ဟာ ဥရောပရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာမှ အလေးအနက်ပြုရတဲ့အနေအထားမှာရှိခဲ့ပါတယ်၊ ဒီတော့ ဒီလိုအနေအထားမျိုးကို ပြန်ရောက်လာအောင် ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ၊

ပြည်သူပြည်သားများခင်ဗျာ

ကျနော့်ကို လွန်ခဲ့တဲ့ ၃ ရက်က ပြည်သူ့ညီလာခံကြီးက သမတအဖြစ် ခန့်အပ်လိုက်ပါတယ်။ ကျနော့်ရဲ့ပထမဦးဆုံးတာဝန်က ကျနော့်ရဲ့စွမ်းအား အရှိန်အဝါကိုသုံးပြီး ရွေးကောက်ပွဲကို ကျင်းပပေးဖို့ပဲဖြစ်ပါတယ်။ ဒီသမိုင်းဝင်အဖြစ်အပျက်ကြီးကို သိက္ခာရှိရှိနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖော်ဆောင်ကြဖို့ဖြစ်ပါတယ်။

ဒုတိယတာဝန်က ချက်နဲ့စလိုဗက်နှစ်နိုင်ငံအစိုးရတွေ အပြန်အလှန်လေးစားရေး၊ လူမျိုးရေးဂုဏ်သိက္ခာတွေအပြန်အလှန်ထိန်းသိမ်းနိုင်ရေး၊ ဘာသာရေးအစဉ်အလာတွေကို စောင့်ထိန်းရေးကို ဖော်ဆောင်မယ့် စစ်မှန်တဲ့ရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေးဖြစ်ပါတယ်။

တတိယတာဝန်က နိုင်ငံတွင်းက ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေ၊ တိုင်းရင်းသားလူမျိုးတွေ၊ နိုင်ငံသားအားလုံးရဲ့ အရေးကိစ္စတွေ တိုးတက်ကောင်းမွန်လာအောင်လုပ်ပေးဖို့ဖြစ်ပါတယ်။

နိုင်ငံလက်နက်ကိုင်တပ်ဖွဲ့ရဲ့ ဦးစီးချုပ်ဖြစ်တာနဲ့အညီ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရေး၊ စစ်တပ်ကို လူတဦးတယောက်အတွက်၊ တစုတဖွဲ့အတွက် တာဝန်ထမ်းတာမျိုးမဖြစ်အောင်လုပ်ဖို့ တာဝန်ရှိပါသေးတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် ကျနော်ဟာ စကားနည်းနည်းပြောပြီး အလုပ်များများလုပ်တဲ့ သမတမျိုးဖြစ်ချင်ပါတယ်၊ သမတဖြစ်တယ်ဆိုတာ အပေါ်စီးကနေ ပဲကြည့်တာမျိုးမဟုတ်ပဲ၊ ကိုယ့်ရဲ့ပြည်သူတွေထဲမှာနေပြီး ပြည်သူတွေရဲ့ သဘောဆန္ဒတွေ၊ အသံတွေကို လေးလေးစားစားနဲ့ နားထောင်တဲ့သမတမျိုးဖြစ်အောင်လုပ်ပါမယ်။

ဘယ်လိုနိုင်ငံမျိုးကို ထူထောင်ချင်တာလဲလို့ ကျနော့်ကို မေးလို့ရှိရင် ကျနော်မျှော်မှန်းတဲ့နိုင်ငံမျိုးကို ပြောချင်ပါတယ်။ သီးခြားလွတ်လပ်တဲ့၊ ဒီမိုကရေစီကျတဲ့၊ လွတ်လပ်မှုတွေရှိတဲ့ နိုင်ငံမျိုး၊ စီးပွားရေးတိုးတက်ပြီး လူမှုရေးအာမခံချက်တွေအညီအမျှရှိတဲ့နိုင်ငံမျိုး၊ လူတဦးချင်းစီကိုစောင့်ရှောက်ပေးတဲ့နိုင်ငံမျိုး၊ အပြန်အလှန်အားဖြင့် အဲဒီလူတဦးချင်းစီက နိုင်ငံအတွက် ပြန်လည်အလုပ်လုပ်ပေးတဲ့နိုင်ငံမျိုး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးရေးပြဿနာတွေကို စုပေါင်း ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြတဲ့နိုင်ငံမျိုးကို ထူထောင်ချင်ပါတယ်လို့ ပြောပါရစေ။

ကျနော်တို့နိုင်ငံရဲ့ ပညာရှင်ကြီးဖြစ်တဲ့ ဃသာနည ကျေ ရဲ့ စကားတခွန်းကိုကိုးကားနဲ့ ကျနော့်ရဲ့ မိန့်ခွန်းကို အဆုံးသတ်လိုပါတယ်။ ကျနော့်ရဲ့ ပြည်သူ ပြည်သားများခင်ဗျာ၊ ခင်ဗျားတို့ရဲ့ အစိုးရဟာ ခင်ဗျားတို့ရဲ့ လက်ထဲကို ပြန် ရောက်ပါပြီ။

☆☆☆☆☆

---

## နိုင်ငံရေးအကျဉ်းသား ၂၅၀ လွတ်ငြိမ်းချမ်းသာခွင့်ရ

**NEJ ၊ စက်တင်ဘာ ၁၈ ။** ။ စစ်အစိုးရက ဒီကနေ့နေ့လည်မှာစတင် လွှတ်ပေးလိုက်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေးအမှုနဲ့ အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ၂၅၀ ကိုပြန်လွှတ်ပေးလိုက်ကြောင်း ရန်ကုန်တိုင်းအကျဉ်းဦး စီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းက ပြည်တွင်းပြည်ပသတင်းထောက်တွေကို ပြောကြားပါတယ်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ အာဏာရယူခဲ့တဲ့ စစ်အစိုးရရဲ့ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အခုလိုလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြစ်ကြောင်း သူကဒီကနေ့ ကျင်းပတဲ့ အကျဉ်းသားများအားပြန်လွှတ်ပေးလိုက်သောအခမ်းအနားမှာပြောကြားပါတယ်။ “တနိုင်ငံလုံးအနေနဲ့ ၅–ည၊ ၁၇၊ ၁၃၊ ၂၀ စတဲ့အမှုတွေနဲ့ အကျဉ်းကျခံနေရသူတွေ ပါဝင်ပါတယ်။ ဒီနေ့ကစပြီးတော့ လွှတ်ပေးနေမှာပါ။ မနေ့ကထုတ်ပြန်ခဲ့တဲ့အမိန့်အတိုင်းပါဘဲ။ လွှတ်ပေးမယ့်လူဦးရေ ၇,၁၁၄ ဦးဖြစ်ပါတယ်။” လို့ သူကပြောပါတယ်။

ဒီကနေ့ ပြန်လည်လွတ်မြောက်လာသူများထဲတွင် သင်္ဃန်းကျွန်းမြို့နယ် အဲန်အဲယ်လ်ဒီအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြ၊ ပုဇွန်တောင်မြို့နယ် အဲန်အဲယ်လ်ဒီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်းနိုင်း၊ မုံရွာ အဲန်အဲယ်လ်ဒီမှ ဦးအောင်ရှင် စတဲ့ပုဂ္ဂိုလ်တွေပါဝင်ကြပါတယ်။ ပြန်လည်လွတ်မြောက်လာတဲ့ သင်္ဃန်းကျွန်းမြို့နယ် အဲန်အဲယ်ဒီအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြက

“ကျနော်တို့တွေက နိုင်ငံရေးကိုဆက်လုပ်သွားမှာဘဲ။ ကျနော်တို့ကိုဖမ်းတဲ့ကိစ္စဟာ ဘာမှဟုတ်တိပတ်တိ အမှုမဟုတ်ဘူး။ လက်ဆုပ်လက်ကိုင်မပြနိုင်ဘဲဖမ်းတဲ့အတွက် မကျေနပ်ဘူး။” လို့ ခေတ်ပြိုင်ကိုပြောပါတယ်။ ဒီကနေ့လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့အကြိမ်မှာ ဒသမအကြိမ်ဖြစ်ပြီး ယနေ့အထိ လွှတ်ပေးသောအကျဉ်းသားပေါင်း ၁ သိန်းကျော်ရှိပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းက ပြောသွားပါတယ်။

# နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးဖို့ ကုလအတွင်းရေးမှူးချုပ်ထပ်မံတောင်းဆို

**VOA-VOB၊ စက်တင်ဘာ ၁၈။** ။ မြန်မာနိုင်ငံတွင်း အကျဉ်းထောင်များမှ အကျဉ်းသား ၇ ထောင်ကျော်ကို လွှတ်ပေးမယ်လို့ နအဖစစ်အုပ်စုက ကြေညာလိုက်ပါတယ်။ ဒီအပေါ်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ကြိုဆိုလိုက်ပေမယ့် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ကို ထပ်မံသတိပေးလိုက်ပါတယ်။

ကြပ်ပြေး နအဖစစ်အုပ်စုက ထောင်ဂဏန်းချီတဲ့ အကျဉ်းသားတွေကို လွှတ်ပေးတယ်ဆိုပေမယ့် ဒီအထဲမှာ နိုင်ငံရေးအကျဉ်းသား မဆိုသလောက်ပါဝင်နေတဲ့အပေါ် လူ့အခွင့်အရေးလှုပ်ရှားသူတွေက ဝေဖန်ပြောဆိုကြပါတယ်။ နယူးရော့ခ် ကုလသမဂ္ဂရုံးချုပ်မှာ မနေ့ကပြုလုပ်တဲ့ ပုံမှန်သတင်းစာရှင်းလင်းပွဲအတွင်း အခုလို လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အကျဉ်းသားများကို လွှတ်ပေးတဲ့အပေါ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရ Michele Montas က အခုလိုပြောပါတယ်။

"မနေ့က ကြာသပတေးနေ့မှာ လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်လို့ ကြေညာခဲ့တယ်၊ တစိတ်တပိုင်းအဖြစ်နဲ့ နိုင်ငံရေးအကျဉ်းသားတချို့ လွတ်မြောက်လာတဲ့အတွက် အတွင်းရေးမှူးချုပ်က ကြိုဆိုပါတယ်။ မြန်မာနိုင်ငံကို သွားခဲ့တဲ့ ဂျူလိုင်လနောက်ပိုင်း နိုင်ငံရေးအကျဉ်းသားတွေ အားလုံးပြန်လွှတ်ပေးဖို့အပါအဝင် နအဖစစ်အုပ်စုအနေနဲ့ ယုံကြည်ကိုးစားလောက်တဲ့ ခြေလှမ်းတွေကို လှမ်းပြီး တုန့်ပြန်သွားဖို့အတွက်ကိုလည်း နအဖအာဏာပိုင်တွေကို အတွင်းရေးမှူးချုပ်က ထပ်မံတောင်းဆိုထားတာပါ။"

စည်းကမ်းနဲ့ အကျင့်စာရိတ္တ ကောင်းမွန်လာတဲ့ နိုင်ငံရေးအကျဉ်းသားပေါင်း ၇၁၁၄ ယောက်ကို အကျဉ်းသားမိသားစုကို ထောက်ထားငဲ့ညှာတဲ့အနေနဲ့ရော လူသားခင်းစာနာထောက်ထားပြီး ကျန်နေတဲ့ ပြစ်ဒဏ်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း နအဖက ကြာသပတေးနေ့က ကြေညာခဲ့ပြီး နောက်တနေ့မှာ ပထမအသုတ်အနေနဲ့ မြန်မာနိုင်ငံတဝန်းရှိ အကျဉ်းထောင်များမှ အကျဉ်းသားရာ ဂဏန်းလောက် ပြန်လွှတ်ပေးလိုက်တဲ့အထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တွေအပါအဝင် သံဃာတော်တွေ စာနယ်ဇင်းသမားအချို့နဲ့အတူ နိုင်ငံရေးအကျဉ်းသား ၅၀ လောက်ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်အထိ ကုလသမဂ္ဂနဲ့ နိုင်ငံတကာက ပြန်လွှတ်ပေးဖို့ မျှော်လင့်ချက်နဲ့ တောင်းဆိုနေတဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကို ပြန်လွှတ်ပေးမလားဆိုတာကတော့ မသေချာလှပါဘူး။

မြန်မာနိုင်ငံက နိုင်ငံရေးပြဿနာတွေ ပြေလည်စေရေးအတွက်ဆိုရင် ဖမ်းဆီးချုပ်ထိန်းသိမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးဖို့လိုတယ်ဆိုတာကို အတွင်းရေးမှူးချုပ်က ထပ်ပြီးတိုက်တွန်းခဲ့ကြောင်း ကြေညာချက်မှာဖော်ပြခဲ့ကြောင်း အတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရ Michele Montas က အခုလိုပြောပါတယ်။

"အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဦးတည်တဲ့ ခြေလှမ်းတွေ လှမ်းတဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ်ပေးနိုင်မဲ့နောက်ထပ်လုပ်စရာရှိတာတွေ ဆက်လုပ်သွားဖို့အတွက်ကိုလည်း ထပ်လောင်းတောင်းဆိုထားတယ်လို့ ပြောခဲ့ပါတယ်။"

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးဖြစ်တဲ့ Amnesty International က မြန်မာနိုင်ငံဆိုင်ရာသုတေသနအရာရှိ Benjamin Zawacki ကတော့ နိုင်ငံရေးပြဿနာတွေ ပြေလည်စေရေးအတွက်ဆိုရင်တော့ ဒီနှုန်းအတိုင်း နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးနေလို့မရပါဘူးလို့ဆိုပါတယ်။

"နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးဖို့ထက် နည်းနည်းမှ မလျော့ရဘူးဆိုရင်တော့ မသင့်တော်ဘူး။ ၂၂၀၀ စလုံးကို တကြိမ်တည်းနဲ့ နအဖစစ်အုပ်စုက အကုန်ပြန်လွှတ်ပေးဖို့ ဆိုတာကလည်း ကျနော်တို့မျှော်လင့်ထားတဲ့ကိစ္စမဟုတ်ပါဘူး၊ ဒါပေမယ်လို့ လွှတ်ပေးနေတဲ့ပုံစံကို ကြည့်မယ်ဆိုရင် ၆ လကနေ တနှစ်အတွင်း တကြိမ်စီဆိုပါတော့ နိုင်ငံရေးအကျဉ်းသား ၅ ယောက်ကနေ ၂၅ ယောက်လောက်အထိပဲ လွှတ်ပေးနေတာကတော့ သိပ်ကိုနည်းလွန်းလှပါတယ်။"

# အဓိကရုဏ်းနှိမ်နင်းရေးအတွက် အာဏာပိုင်များ သင်တန်းများ ပေးနေ

**DVB၊ စက်တင်ဘာ ၁၇။** ။ ပဲခူး၊ မန္တလေး၊ ဧရာဝတီတိုင်းတွေထဲက မြို့တချို့မှာ အာဏာပိုင်တွေက အဓိကရုဏ်းနှိမ်နင်းရေး သင်တန်းတွေ ပေးနေပါတယ်။

ပဲခူးတိုင်းက သာယာဝတီမှာ ကျေးရွာအုပ်စုတွေမှာရှိတဲ့ မီးသတ်တွေကို နိုင်ငံတော် ထောက်ပံ့ကြေးပေးပြီး စစ်သင်တန်းပေးနေတာဖြစ်တယ်လို့ သာယာဝတီမြို့ခံတယောက်က ပြောပါတယ်။

"အစက မီးသတ်သင်တန်းကို နိုင်ငံတော်ထောက်ပံ့တာမရှိဘူး။ နိုင်ငံတော်က မီးသတ်သင်တန်းတက်တဲ့လူတွေကို ငွေ ၁ သောင်းနဲ့ ယူနီဖောင်းပေးပြီး ကားနဲ့အကြိုအပို့လုပ်ပေးတယ်၊ မိုးလုံလေလုံခန်းမထဲမှာ အရာရှိတွေလာပြီးတော့ စစ်သင်တန်းပေးနေတဲ့ အရာရှိတွေ သူတို့ သင်တန်းဆင်းသွားရင် သေနတ်အချက် ၃၀ ပစ်ခွင့်ရမယ်လို့ပြောတယ်။"

ဇီးကုန်းမြို့က ၁ ရပ်ကွက်နဲ့ ၂ ရပ်ကွက် တွေမှာလည်း ကြံ့ဖွံ့၊ မီးသတ်နဲ့ ကြက်ခြေနီတွေကို အခြေခံစစ်ပညာသင်တန်းပေးဖို့ဆိုပြီး တအိမ်ထောင်ကို ၁ ရာကနေ ၁ ထောင်အထိ ငွေလိုက်ကောက်ကြောင်း ဇီးကုန်းမြို့ခံတဦးက ပြောပါတယ်။ ပဲခူးမြို့မှာလည်း အခြေခံစစ်ပညာသင်တန်းပေးတာ လွန်ခဲ့တဲ့ နှစ်ရက်ကပြီးသွားပြီလို့ သိရပါတယ်။ မန္တလေးတိုင်းမှာလည်း မီးသတ်တွေကို ယူနီဖောင်းအပြည့်အစုံ၊ လက်နက်ကိရိယာအပြည့်အစုံနဲ့ ရက် ၂၀ သင်တန်းပေးပြီး ၁ သောင်းခွဲ ထောက်ပံ့ကြေးပေးတယ်လို့မြို့ခံတဦးက ပြောပါတယ်။

"အခုတော့ ခရိုင်အားကစားကွင်းမှာ သင်တန်းပေးနေတယ်။ လက်နက်ပစ်ခတ်ပုံပစ်ခတ်နည်း သေနတ်ပစ်သင်တန်း။"

မိတ္ထီလာမြို့မှာလည်း အလားတူ သင်တန်းပေးနေတယ်လို့ဆိုပါတယ်။ ကျောက်ပန်းတောင်းမှာလည်း ရဝတဥက္ကဋ္ဌတွေကိုယ်တိုင်က သင်တန်းပေးရာမှာ အားတက်သရော မရှိသလို သင်တန်းတက်ချင်သူတွေလည်း သိပ်မရှိကြဘူးလို့ မြို့ခံတဦးက ပြောပါတယ်။

"တနေ့ကို နေ့စားကြေး ၅၀ ပေးမယ်၊ ဝတ်စုံကြေးပေးမယ်ပေါ့။ သူတို့ သိုင်းသင်တန်းတွေ ပေးတယ်။ လက်နက်ငယ်သင်တန်းလို့ နာမည်ပေးထားတယ်။ တကယ်ကိုင်တာတော့ လက်ထဲမှာ တုတ်ပဲ။"

ဒီလို သင်တန်းတွေပေးနေသလို အရင်သီတင်းပတ်က တရပ်ကွက်ကို ၁၀ ယောက် ၁၅ ယောက်နှုန်းနဲ့ရပ်ကွက်တွေ ကျေးရွာတွေကနေ သင်တန်းအတွက် လူပို့ပေးရာမှာ ရယကအနေနဲ့ ပို့ရမယ့်လူ မရှိတဲ့အတွက် ဆိုက်ကားသမားတွေကို နေ့စားခ တနေ့ ၂ ထောင်နှုန်းနဲ့ ငှား၊ ယူနီဖောင်း ဝတ်ပေးပြီး သင်တန်းသွားတက်ခိုင်းရတယ်လို့ ကျောက်ပန်းတောင်းမြို့ခံတဦးက ပြောပါတယ်။

"မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ မီးသတ်ဖို့ သင်တန်းတက်တာမဟုတ်ဘူး။ အဓိက အဓိကရုဏ်းနှိမ်နင်းရေးအတွက် တုတ်ရိုက်တာတို့၊ စစ်သင်တန်းတို့ အဓိကထားပြီး သင်တာပဲ။"

ဧရာဝတီတိုင်း ဘိုကလေးမြို့မှာလည်း အလားတူ သင်တန်းတွေပေးနေတယ်လို့ ဒေသခံတဦးက ပြောပါတယ်။ ဒီ အဓိကရုဏ်းနှိမ်နင်း ရေးသင်တန်းတွေ လုပ်နေချိန်ဟာ သံဃာဆန္ဒပြပွဲ ၂ နှစ် ပြည့်ချိန်နဲ့ တိုက်ဆိုင်နေပါတယ်။

# VB သူ့အမြင်

အစိုးရထိပ်ပိုင်းသတင်းရပ်ကွက်က ကြားရတဲ့အတိုင်းဆိုရင် လာမယ့်နှစ်အတွင်း ကျင်းပမယ်လို့ကြေညာထားတဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ အပြောင်းအလဲတွေကို မကြာခင်ရက်ပိုင်းအတွင်းမှာ အမြောက်အများတွေ့မြင်ရဘို့ ရှိနေပါတယ်။ ယာယီအစိုးရကြေညာချက်နဲ့အတူ ဝန်ကြီးအဖွဲ့နဲ့ တပ်မတော်ထိပ်ပိုင်းရာထူးဌာနတွေ အပြောင်းအလဲတွေဖြစ်ပေါ်လာလိမ့်မယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အဲဒီအပြောင်းအလဲတွေအားလုံးဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့စစ်တပ်နဲ့အစိုးရအဖွဲ့ကို နောက်ထပ် ၁၀ နှစ်ကြာလောက်အောင်ထိန်းချုပ်ထားနိုင်ရေး မဟာဗျူဟာရဲ့ အစိတ်အပိုင်းတွေဖြစ်ပါတယ်။ သတင်းထောက် **Larry Jagen** ရဲ့**RFA** ကို သီးသန့်ပေးပို့ ထုတ်လွှင့်ခဲ့တဲ့ ဆောင်းပါးကို အခုတပတ် သူ့အမြင်ကဏ္ဍအဖြစ် တင်ဆက်လိုက်ပါတယ်။

အပြောင်းအလဲတွေအကြီးအကျယ်ပေါ်လာလိမ့်မယ်ဆိုပြီး အစိုးရအဖွဲ့ထိပ်ပိုင်းမှာ သတင်းထွက်နေတာ တပတ်နှစ်ပတ်ရှိသွားပါပြီ။ ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှအတိအကျမပြောနိုင်ကြပေမယ့် အစိုးရရဲ့လမ်းပြမြေပုံနဲ့ ရွေးကောက်ပွဲဆိုင်ရာအပြောင်းအလဲတွေဘဲလို့ ပြောကြပါတယ်။ လာမယ့် တလခွဲအတွင်းမြင်ရမယ့် အဲဒီအပြောင်းအလဲတွေဟာ တကယ်တော့လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆောင်ရွက်မယ့် သူ့ရဲ့စိတ်အချရဆုံးလူယုံတွေလက်ထဲ အာဏာလွှဲပြောင်းရောက်ရှိရေး မဟာဗျူဟာစီမံကိန်းရဲ့ ရွှေ့ပြေးလုပ်ငန်းစဉ်တွေဘဲဖြစ်ပါလိမ့်မယ်ခင်ဗျာ။

တကယ်တော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲလောက်ကိုဘဲစဉ်းစားနေတာမဟုတ်ပါဘူး။ သူဟာ ၂၀၁၅ ခုနှစ်မှာ ထပ်မံကျင်းပမယ့် ရွေးကောက်ပွဲအထိ တွက်ကိန်းချနေတာဖြစ်ပါတယ်။ နောက်ထပ် ၁၀ နှစ်လောက်အထိ တိုင်းပြည်ကိုသူ့စိတ်တိုင်းကျထိန်းချုပ်ဘို့အတွက် သူ့အပေါ်သစ္စာရှိမယ့်လူတွေလက်ထဲမှာ အရေးပါတဲ့တာဝန်တွေ အားလုံးရှိနေဘို့ အစီအစဉ်ချပြီးဖြစ်ပါတယ်။ အဲဒီအတွက် မျိုးဆက်သစ်တပ်မတော်အရာရှိငယ်တွေထဲကနေ စိတ်ကြိုက်ရွေးခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးရဲ့ ပထမစီမံကိန်းအဆင့်ကတော့ လက်ရှိတိုင်းမှူးတွေကို ဖယ်ရှားပြစ်ဘို့ပါဘဲ။ အဲဒီတိုင်းမှူးအချို့ကို အငြိမ်းစားပေးပြစ်မှာဖြစ်ပြီး ရန်သူတွေကို နေပြည်တော်ခေါ် မြှောက်စားပါလိမ့်မယ်။ အဲဒီ တိုင်းမှူးတွေထဲက ဗိုလ်ချုပ်လှဌေးဝင်းဟာ လာမယ့်အရပ်သားအစိုးရလက်ထက်မှာ ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာမယ်လို့ ယူဆရပါတယ်။

ဒီအပတ်ထဲမှာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်က သင်တန်းဆင်းကြမယ့် အရာရှိ ၁၀၀ ကျော်ထဲက တချို့ကို စစ်တိုင်းအလိုက် အရေးပါတဲ့တာဝန်တွေပေးအပ်ဘို့ရှိနေပြီး တချို့ကတော့ လာမယ့်အစိုးရအဖွဲ့အသစ်မှာ တပ်မတော်ကို ကိုယ်စားပြုတဲ့ လွှတ်တော်အမတ်တွေဖြစ်လာပါလိမ့်မယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ စစ်တပ်အတွင်း ပြောင်းလဲမှုနဲ့အတူ လက်ရှိဝန်ကြီးနဲ့ညွှန်ကြားရေးမှူးချုပ်စတဲ့ရာထူးတွေကို သူ့စိတ်တိုင်းကျ တပ်မတော်အရာရှိတွေနဲ့ ပြောင်းလဲအစားထိုးပြီးတဲ့နောက် လာမယ့်ရွေးကောက်ပွဲပြီးတဲ့အထိ တာဝန်ယူမယ့် ကြားဖြတ်အစိုးရကို ကြေညာမှာဖြစ်ပါတယ်။

လက်ရှိဝန်ကြီးအားလုံးနီးပါး ရာထူးကထွက်ပြီး ရွေးကောက်ပွဲအတွက် ပါတီတွေဝင်ကြတာကိုလည်း မြင်ရဘို့ရှိပါတယ်။ ကြားဖြတ်အစိုးရအဖွဲ့မှာ ယာယီဝန်ကြီးတွေအဖြစ် တာဝန်ယူဘို့ တပ်မတော်အရာရှိဟောင်းတချို့ကို တီးခေါက်ပြောဆိုသံတွေလည်း ကြားရပါတယ်။ နေပြည်တော်က လူတချို့ကတော့လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြားဖြတ်အစိုးရစာရင်းကြေညာလိုက်တဲ့အခါ လူတွေအားလုံးအံ့ဩကုန်ကြလိမ့်မယ်လို့ ပြောကြပါတယ်။

ဒါပေမယ့်လည်း သေချာတာကတော့ အဲဒီကြားဖြတ်အစိုးရဟာ ဘာအာဏာမှရှိမှာမဟုတ်ဘဲ လက်ရှိစစ်အစိုးရစိတ်တိုင်းကျ ဆောင်ရွက်ရမယ့် ရုပ်သေးအစိုးရအဖွဲ့တရပ်သာ ဖြစ်ပါလိမ့်မယ်ခင်ဗျာ။ တကယ်တော့ မကြာခင်မြင်ရမယ့် အပြောင်းအလဲမှန်သမျှဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ နိုင်ငံရေးကစားကွက်တွေချည်းဘဲ ဖြစ်ပါလိမ့်မယ်။

နေပြည်တော်ကရတဲ့သတင်းတချို့အရဆိုရင်တော့ လက်ရှိ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကို နိုင်ငံရေးပါတီတခုအဖြစ် ဖွဲ့စည်းထူထောင်ဘို့ အစီအစဉ်မရှိပါဘူး။ ဘာကြောင့်လည်းဆိုတော့ အဲဒီအသင်းဟာ လူထုအော့ကြောလန် ချဉ်ပတ်အဖွဲ့ဖြစ်နေလို့ပါဘဲတဲ့ခင်ဗျာ။ ရွေးကောက်ပွဲအတွက် မဲဆွယ်သံတွေစတင်ကြားနေရတဲ့ အခုအချိန်မှာ အရေးကြီးတဲ့ပြဿနာတခုအဖြစ် ဆက်ပြီးတည်ရှိနေတာကတော့ အဲန်အဲယ်လ်ဒီကို ရွေးကောက်ပွဲဝင်ခွင့်ပြုမှာလားဆိုတဲ့ ပုဒ်စာပါဘဲ။

ကြားနေရတဲ့သတင်းတွေအရဆိုရင် ရွေးကောက်ပွဲဥပဒေကို ရွှေ့လကုန်နောက်ဆုံးထားပြီး ကြေညာပါလိမ့်မယ်။ အဲဒီအခါ အဲန်အဲယ်လ်ဒီ၊ အက်စ်အဲန်အဲယ်လ်ဒီ စတဲ့ လက်ရှိနိုင်ငံရေးပါတီတွေဟာ ထပ်မံပြီးမှတ်ပုံတင်ကြရမှာဖြစ်ပါတယ်။ မှတ်ပုံတင်တဲ့ပါတီမှန်သမျှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမယ်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်လည်း ပူးတွဲပါဝင်မှာဖြစ်တဲ့အတွက် အဲဒီအချက်ဟာ အဲန်အဲယ်လ်ဒီအတွက်တော့ ဘေးကျပ်နံကျပ်ဖြစ်စေမယ့်အချက်တခုပါဘဲခင်ဗျာ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ သူရဲ့အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ်တွေအားလုံး စိတ်တိုင်းကျဖြစ်လာဘို့ မလွယ်ဘူးဆိုတာ သဘောပေါက်ပြီးဖြစ်ပါတယ်။ သူက တက်လာမယ့်အစိုးရအဖွဲ့ကို သူ့အလိုကျဖြစ်ဘို့စီမံထားပေမယ့်လည်း သူထင်သလို ဖြစ်လာချင်မှဖြစ်မှာပါ။ လာမယ့်အပတ်ကျင်းပဘို့စီစဉ်ထားတဲ့ အစိုးရအဖွဲ့ ၃ လပတ်အစည်းအဝေးကနေ ရွေးကောက်ပွဲအတွက် ခရာမှုတ်သံကိုကြားရဘို့ကတော့ သေချာသလောက်ရှိနေပါပြီ။

ဒါပမေယ့် အဲဒီနောက်ပိုင်းကာလတခုကတော့ မသေချာတဲ့ကာလတခုဖြစ်သလို မမျှော်လင့်တဲ့အပြောင်းအလဲတွေ ပေါ်ပေါက်လာနိုင်တဲ့ ကာလတခုဘဲဖြစ်ပါတော့တယ်ခင်ဗျာ။ ☆☆☆☆☆

---

## ပြက္ခဒိန်မှ

**စက်တင်ဘာ ၁၈၊ DVB ။ ။** ရွေးကောက်ပွဲဝင်ပြိုင်မည့် မိမိတို့ပါတီဝင်များစုဝေးရာတွင် ညိစွန်းမှုမရှိစေရန် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အလှူမင်္ဂလာအထိမ်းအမှတ်စသည်ဖြင့် ပြုလုပ်နေရကြောင်း ဦးသုဝေမှဆို၏။

**စက်တင်ဘာ ၁၈၊ Mizzima ။ ။** ပုံးဖောက်မှုဖြင့်စွပ်စွဲ ထောင်ဒဏ်ပေးခံရသူ သက်န်းကျွန်း အဲန်အဲလ်ဒီဥက္ကဋ္ဌဦးတင်မြ လွတ်ငြိမ်းသက်သာခွင့်တွင်ပြန်လွတ်လာ၏။

**စက်တင်ဘာ ၁၈၊ DVB ။ ။** ယနေ့ရန်ကုန်တိုင်းတရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်အမှုအယူခံကို နှစ်ဖက်ရှေ့နေလျှောက်လဲချက်များပေးမည်။

**စက်တင်ဘာ ၁၈ ၊ AP ။ ။** နာဂစ်မုန်တိုင်းဒုက္ခသည်များကူညီခဲ့၍ နကအိဆုရခဲ့သူ သတင်းထောက်အိမ့်ခိုင်ဦးသည် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာ၏။

**စက်တင်ဘာ ၁၉၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်အယူခံမှု လျှောက်လဲချက်မပြီးပြတ်၍ အောက်တိုဘာ ၂ ရက် မှုရင်းအမိန့်ချမှတ်မည့်နေ့သို့ ချိန်းလိုက်၏။

**စက်တင်ဘာ ၁၄** ၊ RFA ။ ။ တိကျရေရာသည့်အနေအထားတွေ မတွေ့ရသေး၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရွေးကောက်ပွဲဝင်မည် မဝင်ဘူးဆိုတာ တိတိကျကျ မဆုံးဖြတ်သေးဟု အဖွဲ့ချုပ် ပြောခွင့်ရမှ ပြောဆိုကြောင်း။

**စက်တင်ဘာ ၁၄** ၊ DVB ။ ။ နအဖမှ အပစ်ရပ်အဖွဲ့တွေကို နယ်ခြားစောင့်တပ် အဖြစ်ပြောင်းရေး KIO နှင့် နအဖအကြား ဆွေးနွေးပွဲသည် ခုနှစ်ကြိမ်တိုင်ရှိသော်လည်း ထူးခြား သည့်တိုးတက်မှုမရှိဘဲ အဆုံးသတ်ခဲ့ကြောင်း။

**စက်တင်ဘာ ၁၅** ၊ **UN** ။ ။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုရပ်ဆိုင်းရန် ကုလအတွင်းရေးမှူးချုပ်မှ တိုက်တွန်း၏။

**စက်တင်ဘာ ၁၆** ၊ **WTN-Rtrs** ။ ။ မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် အမေရိကန်သည် မြန်မာအပေါ်နိုင်ငံရေးပေါ်လစီသည် နည်းလမ်းသစ်သုံးမည်။

**စက်တင်ဘာ ၁၆** ၊ **SPR** ။ ။ စင်္ကာပူတွင် အိမ်ဖော်လုပ်နေသူ မြန်မာအမျိုးသမီးအား စင်္ကာပူသူ Peck မှ ယောက်မနှင့်ငင်း။ တုတ်နှင့်ငင်း ရိုက်ခြင်း ရေနှင့်ပက်ခြင်း၊ အသီးအနှံ့ ခွက်နှင့်ပေါက်ခြင်း ရိုက်နှက်ခြင်း ဆွဲဆိတ်ခြင်းများပြုလုပ်ခဲ့၍ အမှု ၅ မှုရင်ဆိုင်နေရာ တမှုလျှင်ထောင် ၃ နှစ်နှင့် ဒဏ်ငွေဒေါ်လာ ၇၅၀၀ ထိပြစ်ဒဏ်ကျနိုင်၏။

**စက်တင်ဘာ ၁၆** ၊ **TOKYO** ။ ။ ဩဂုတ်လကုန်တွင်ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရသစ်ဖြစ်လာသော ဂျပန်ဒီမိုကရက်တစ်ပါတီသည် Yukio Hatoyama အား ဝန်ကြီးချုပ်အဖြစ်ယနေ့ရွေးချယ်၏။ သူသည် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာဒီမိုကရေစီကို တစိုက်မတ်မတ် ထောက်ခံအားပေး ကြွေးကျော်ခဲ့သူဖြစ်၏။

**စက်တင်ဘာ ၁၆** ၊ **AFP** ။ ။ မြန်မာ၊ ဘော်လီဗီးယားနှင့်ဗဲနီဇွဲးလားတို့သည် အမေရိကန်၏မူးယစ်ဆေးနာမည်ပျက်စာရင်း၌ပါကြောင်း ပြည်ထဲရေးဌာနတာဝန်ခံ Ian Kelly မှဆို၏။

**စက်တင်ဘာ ၁၆** ၊ **RFA** ။ ။ နအဖစစ်အုပ်စုအပေါ် ပိုပြတ်သားသည့်နိုင်ငံခြားရေးမူသုံးရန် တိုကျိုသို့ ဂီတဖျော်ရန်ရောက်နေသူ အင်္ဂလန်မှ Jane Birkin မှ ဂျပန်အမတ်များသို့ဆို၏။

**စက်တင်ဘာ ၁၆** ၊ **XNA** ။ တောင်ကိုရီးယားသည် ၁၇ နှစ်အရွယ်မြန်မာများထံမှ မပစ် ပြန်သုံး တံဆိပ်ခေါင်းဒီဆိုင်းပြိုင်ပွဲနှင့် ပြည်သူများထံမှ Visit Korea Year အတွက် မူများလက်ခံနေ၏။

**စက်တင်ဘာ ၁၆** ၊ **WTN-AFP** ။ ။ မြန်မာအပေါ် အမေရိကန်နိုင်ငံခြားရေးမူသစ်သည် ပြီးလုပြီးခင်ဖြစ်ကြောင်း။

**စက်တင်ဘာ ၁၇** ၊ **Bloomberg** ။ ။ နှစ်နှစ်အတွင်း နအဖသည် နိုင်ငံရေးအကျဉ်းသားဦးရေ နှစ်ဆတိုးဖမ်းခဲ့ကြောင်း၊ နိုင်ငံရေးသမားများထောင်ထဲရောက်နေလျှင် ရွေးကောက်ပွဲသည် အတုသာဖြစ်မည်ဟု Human Rights Watch မှ ဆို၏။

**စက်တင်ဘာ ၁၇** ၊ **RGN-AFP** ။ ။ စက်တင်ဘာ ၁၆ နှင့် ၁၇ အတွင်း ရန်ကုန်ဝန်းကျင်တွင် ဗုံးငယ် ၇ လုံးပေါက်ကွဲခဲ့ကြောင်း၊ ထိခိုက်မှုမရှိကြောင်း နအဖမှဆို၏။

**စက်တင်ဘာ ၁၇** ၊ **AFP** ။ ။ ဒေါ်အောင်ဆန်းစုကြည်အယူခံမှုတွင် သူမအား ကာယကံရှင်ကိုယ်တိုင် တရားရုံးမှာလာရောက်ခွင့်မပေးခဲ့မှုအပေါ် နအဖသတင်းများမှ ဆင်ခြေပေး၏။ အယူခံသူသည် အကျဉ်းသားဖြစ်လျှင် သူ့အား ရုံးသို့ဆင့်ခေါ်ရန်မလိုကြောင်း သတင်းစာအာဘော်များမှဆို၏။

**စက်တင်ဘာ ၁၇** ၊ **RGN-AP** ။ ။ နအဖသည် အကျဉ်းသား ၇၁၁၄ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟုဆို၏။

**စက်တင်ဘာ ၁၇** ၊ **AP** ။ ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ယခင်သဘောတူညီချက်များအတိုင်း လက်နက်အပ်ကာ ရွေးကောက်ပွဲတွင်ပါဝင်ကြရန် နအဖမှ တိုက်တွန်း၏။

**စက်တင်ဘာ ၁၇** ၊ **BKK** ။ ။ ၂၀၁၀ နှစ်ရွေးကောက်ပွဲ ကမ္ဘာမှယုံကြည်စေရန် နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ရန်လိုကြောင်း Human Rights Watch မှ ဆို၏။

**စက်တင်ဘာ ၁၈** ၊ **RGN** ။ ။ ယနေ့ နိုင်ငံရေးအကျဉ်းသား ၇၁၁၄ ကျော် လွတ်ငြိမ်းသက်သာခွင့်ဖြင့်လွတ်ရာ နိုင်ငံရေးအကျဉ်းသား ၂၀၀ ခန့်ပါသည်ဟု ခန့်မှန်းကြကြောင်း။

**စက်တင်ဘာ ၁၇** ၊ **xx-AI** ။ ။ ၂၀၀၀ ကျော်ရှိသော နိုင်ငံရေးအကျဉ်းသားများအားလုံးမလွှတ်သ၍ လာမည့် နအဖ၏ရွေးကောက်ပွဲသည် လွတ်လပ်မျှတမှု မရှိဟု Amnest International မှဆို၏။

**စက်တင်ဘာ ၁၇** ၊ **DVB** ။ ။ နအဖဝန်ကြီးချုပ် ကုလသမဂ္ဂအစည်းအဝေးတက်မည့်ရက်နီးလာကာ ကြိုကတိပေးထားခဲ့၍ နိုင်ငံရေးအကျဉ်းသားအချို့အပါအဝင် လူ ၇၀၀၀ ကျော်လွှတ်မည်ဟု နအဖမှဆို၏။

**စက်တင်ဘာ ၁၇** ၊ **DVB** ။ ။ ရောဝတီ၊ ပဲခူး၊ မန္တလေးနှင့်တိုင်းများစွာတွင် ရက် ၂၀ မီးသတ်နှင့် အခြေခံစစ်သင်တန်းတက်သူနည်းလွန်း၍ နအဖ မှ ငွေပေးနေကြောင်း။

**စက်တင်ဘာ ၁၇** ၊ **DVB** ။ ။ အဲန်အဲလ်ဒီလူငယ် မရမ်းကုန်းမှ ကိုမင်းအောင်၊ ကိုသီဟအောင်၊ ကိုကျော်ဝင်းနိုင်နှင့် မမြင့်မြင့်အေးတို့အား စက်တင်ဘာ ၁၆ တွင် နအဖမှ ဖမ်းခဲ့၏။

**စက်တင်ဘာ ၁၇** ၊ **DVB** ။ ။ အာဏာသိမ်းနှစ်ပတ်လည် စက်တင်ဘာ ၁၈ ၊ ရွှေဝါရောင်တော်လှန်ရေးနေ့နီးလာ၍ လူငယ်တွေလှုပ်ရှားမှာစိုးရိမ်တာကြောင့်ဖြစ်နိုင်ဟုဆို၏။

**စက်တင်ဘာ ၁၇** ၊ **DVB** ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ထောင်ကျနေသူမဟုတ်၍ အကျဉ်းကျနေသူကို ထောင်ထုတ်ရန်မလိုဟု သတင်းအာဘော်များအကြောင်းပြမှုသည် ဒေါ်အောင်ဆန်းစုကြည်အမှုနှင့် လုံးဝအကြုံးမဝင်ဟု ဦးဉာဏ်ဝင်းမှဆို၏။

**စက်တင်ဘာ ၁၇** ၊ **DVB** ။ ။ မိမိတို့အဖွဲ့အား လူ ၅ ဦးထက်ပိုမစုရဟု သတိပေးခံရကြောင်း ရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီတခုအဖြစ် ဝင်အရွေးခံမည့် ဦးသုဝေ မှဆို၏။

**စက်တင်ဘာ ၁၇** ၊ **AP RtrUPI** ။ ။ အမေရိကန်၏မြန်မာပေါ်ပိတ်ဆို့မှုအချို့ရုပ်စဲကာ နအဖ နှင့် ဆွေးနွေးလိုသည့်အမတ် J Webb ၏ကြိုးပမ်းမှုသည် မြန်မာအတွက် အကျိုးရှိနိုင်၍ စောင့်ကြည့်သင့်ကြောင်း မြန်မာ့အရေးကြွမ်းကျင်သူပါမောက္ခ Joseph Silverstein မှဆို၏။

**စက်တင်ဘာ ၁၈** ၊ **DVB** ။ ။ ယနေ့အကျဉ်းသား ၇၁၁၄ ဦးလွတ်လာရာ နိုင်ငံရေးအကျဉ်းသား တဦးဘဲလွတ်လွတ် ကြိုဆိုရမှာဘဲဟု နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဝင်းတင်မှဆို၏။

**စာမျက်နှာ ၈ သို့**

# မြင်းခြံမြို့က နိုင်ငံရေး တက်ကြွစွာလှုပ်ရှားနေကြသူ ၅ ဦး အာဏာပိုင်များဖမ်းဆီး

**DVB। စက်တင်ဘာ ၁၆॥ ॥** မန္တလေးတိုင်း အထူးရဲသတင်းတပ်ဖွဲ့က မြင်းခြံမြို့က နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ငါးဦးကို ဖမ်းဝရမ်းမပါဘဲ ဖမ်းသွားပါတယ်။ မန္တလေးတိုင်း အထူးသတင်းတပ်ဖွဲ့က ဒေါက်တာဝင့်သူ၊ ကိုမျိုးဟန်၊ စိုးရာဇာဖြိုး၊ အောင်မျိုးလတ်၊ ကိုလှမျိုးကျော် ခေါ် အီးတီတို့ရဲ့အိမ်တွေကို ဒီနေ့မနက်ပိုင်း အာရုဏ်မတက်ခင် ၃နာရီခန့်မှာ ဝင်ရောက် ဖမ်းဆီးသွားတာဖြစ်ပါတယ်။

သူတို့ကို ခဏလိုက်ခဲ့ပါလို့ ပြောပြီးခေါ်သွားပေမယ့် ဘယ်ကိုခေါ်သွားမှန်း မသိတဲ့အတွက် မိသားစုတွေ စိုးရိမ်ပူပန်နေကြပါတယ်။ ဒီမနက် အထူးသတင်း ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေပေမယ့် ထွက်ပြေးတိမ်းရှောင်နေသူ မြင်းခြံမြို့ခံတဦးက ဖမ်းဆီးမှုအခြေအနေကို ပြောပါတယ်။

“၃ နာရီ မထိုးခင် ၁၅ မိနစ်မှာ ဒေါက်တာဝင့်သူ၊ စိုးရာဇာဖြိုး၊ အီးတီခေါ် လှမျိုးကျော်၊ အောင်မျိုးလတ်၊ ကိုမျိုးဟန်တို့အိမ်ကို တချိန်တည်းဝင်တယ်။ ကိုမျိုးဟန်အိမ်က တံခါးဖွင့်ပေးလိုက်တဲ့အခါ တခါတည်းပါသွားတယ်။ ကျနော်တို့သိတာ အဲ့ဒီ ၅ ယောက်ပေါ့။”

ဖမ်းဆီးခံရတဲ့ စာရင်းမှာပါဝင်သူ ဒေါက်တာဝင့်သူဟာ ညက အိမ်ကို ရဲဝင်တုန်းက အိမ်မှာမရှိတာကြောင့် ဖမ်းဆီးမခံရပေမယ့် သူ့မိတ်ဆွေတွေ ဖမ်းဆီးခေါ်ဆောင်ခံရတယ်ဆိုတာ ကြားသိတဲ့အတွက် လိုက်ရှင်းဖို့ ဒီမနက်လိုက်သွားရင်း ခုထိပြန်မရောက်သေးတာလို့ ဒေါက်တာဝင့်သူရဲ့ မိခင် ဒေါ်သန်းဆွေက ပြောပါတယ်။ ဒီမနက် အိမ်ဝင်ရှာခံရမှုကို ဒေါ်သန်းဆွေက ပြောပါတယ်။

“မန္တလေး အက်စ်ဘီက လာဖမ်းတာတဲ့။ သားကို အိမ်မှာတွေ့မသွားဘူး။ မနက်မိုးလင်းကျမှ သူ့ သူငယ်ချင်းတွေ ခေါ်သွားတယ်ဆိုတော့ သားက အဝတ်အစားတွေထည့်ပြီး ကိုယ်လုပ်ထားတာ အပြစ်ဘာမှ မရှိဘူးဆိုပြီး လိုက်သွားတာ။ ပါသွားတဲ့လူ မန္တလေး ပို့တယ်ကြားတယ် သားကိုလည်း ပို့မှာပေါ့။”

ဒီလူတွေကို ဘာကြောင့်ဖမ်းတယ်၊ ဘယ်ကို ခေါ်သွားတယ်စတဲ့ မိသားစုဝင်တွေ သိချင်တာမှန်သမျှကို လာဖမ်းသူတွေက လုံးဝမပြောဘူးလို့ မိသားစုဝင်တွေနဲ့ နီးစပ်သူတွေက ပြောပါတယ်။ ဒီလူတွေကို ဘာကြောင့်ဖမ်းဆီးတာလဲဆိုတာကို မြင်းခြံသားတဦးက သူ့အမြင်ကို ပြောပါတယ်။

“ဒီလူတွေဟာ ဘယ်ပါတီ ဘယ်အဖွဲ့အစည်းထဲမှလည်း ဝင်ထားခြင်းမရှိဘူး။ နောက်ပြီး သူတို့က လူမှုရေးအထောက်အကူပြု အဖွဲ့တွေနဲ့ နိုင်ငံရေးအဖွဲ့တွေမှာ တက်ကြွစွာလှုပ်ရှားတာပဲရှိတယ်၊ အဲ့ဒါကြောင့် ၂၀၁၀ အတွက် ကြိုတင်ပြီး ဖမ်းတယ်လို့ထင်တယ်။”

အဖမ်းခံရသူငါးဦးက နိုင်ငံရေးပါတီဝင်တွေ မဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ဆုတောင်းပွဲတွေမှာ တက်တက်ကြွကြွလုပ်ဆောင်ခဲ့သူတွေဖြစ်ပါတယ်။ လွန်ခဲ့တဲ့လက သူတို့ထဲက တချို့ တောင်သာမြို့ကို သွားစဉ်မှာ တောင်သာမြို့နယ် ကြံ့ခိုင်ရေးတာဝန်ရှိသူတဦးက မော်တော်ကားနဲ့ လိုက်လံတိုက်ခဲ့ဖူးပါတယ်။ သူတို့ငါးဦးအပြင် သံဃာတပါး၊ တောင်သာမြို့က အဖွဲ့ချုပ်ဝင်တဦးအပါအဝင် နောက်သုံးဦးလည်း ဒီမနက် ဖမ်းခံရတယ်လို့ အရပ်ထဲ ပြောနေကြပေမယ့် အတည်ပြုလို့ မရသေးပါဘူး။ အသက် ၇၂ နှစ်အရွယ် ဒေါ်သန်းဆွေက သူ့သား ဒေါက်တာဝင့်သူ ဖမ်းဆီးခေါ်ဆောင်ခံရတာနဲ့ ပတ်သက်ပြီး မိဘကို အသိမပေးတဲ့ အာဏာပိုင်တွေလုပ်ရပ်ကို ပြောပါတယ်။

“ကိုယ်ကလည်း မဟုတ်တာ၊ မတရားတာ မလုပ်ဘူး။ အဲ့တော့ တရားသဖြင့် မှန်မှန်ကန်ကန်ပဲ ရှိချင်တာပေါ့။ အန်တီက သားကို ပြန်လာစေချင်တာပါပဲ။ မတတ်နိုင်ဘူး ဒီတိုင်းပြည်နေတော့ ဒီလိုပဲ ခံရမှာပေါ့။”

# မြန်မာကိစ္စ ကုလအချေအတင်ဆွေးနွေး

**DVB। စက်တင်ဘာ ၁၅॥ ॥** လာမယ့် စက်တင်ဘာ ၂၃ ရက်နေ့မှာ ကျင်းပမယ့် ကုလသမဂ္ဂအထွေထွေညီလာခံ အချေအတင်ဆွေးနွေးပွဲကာလအတွင်း မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အပါအဝင် မြန်မာ့မိတ်ဆွေ ဆွေးနွေးဘက်နိုင်ငံတွေနဲ့ မြန်မာ့နိုင်ငံရေးပြဿနာကို အချေအတင်ဆွေးနွေးမယ်လို့ ကုလသမဂ္ဂက ကြေညာလိုက်ပါတယ်။

မနေ့က ကျင်းပတဲ့ ကုလသမဂ္ဂဌာနချုပ်ရဲ့ ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ ကုလသမဂ္ဂနိုင်ငံရေးဆိုင်ရာ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် ဘီလင်းပါစ်ကိုးက ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံရေးဆိုင်ရာအစီအစဉ်ကို ထုတ်ဖေါ်ပြောဆိုလိုက်တာပါ။ လာမယ့် ကုလသမဂ္ဂအထွေထွေညီလာခံ အချေအတင်ဆွေးနွေးပွဲကာလအတွင်း မြန်မာနိုင်ငံဘက်က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အပါအဝင် မြန်မာ့မိတ်ဆွေများလို့ အမည်ပေးထားတဲ့ ၁၄ နိုင်ငံအုပ်စုက နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ ဆက်လက်ပြီး အချေအတင်ဆွေးနွေးဖို့ရှိတယ်လို့ ပြောပါတယ်။

မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ ညှိနှိုင်းဆောင်ရွက်နေခဲ့တာတွေကို အတော်များများမြင်တွေ့ခဲ့ကြရကြောင်းနဲ့ နအဖစစ်အုပ်စုဘက်က စိတ်ကျေနပ်စရာ တုံ့ပြန်ဆောင်ရွက်မှုမရှိကြောင်းလည်းပြောပါတယ်။ ဒါ့ပြင် အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာနိုင်ငံကိုသွားရောက်ပြီး နအဖစစ်အုပ်စုနဲ့ လေးလေးနက်နက်ဆွေးနွေးခဲ့ပေမယ့် တိုးတက်ဖြစ်ထွန်းမှုတွေမရှိခဲ့လို့ ခုလိုဆွေးနွေးရတာလို့ ဘီလင်းပါစ်ကိုးက ပြောပါတယ်။ မြန်မာပြည်အရေး ဆွေးနွေးဖက် ၁၄ နိုင်ငံက နိုင်ငံခြားရေးဝန်ကြီးအဆင့် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပွဲလည်း ဖြစ်နေတဲ့အတွက် မြန်မာ့နိုင်ငံရေးပြဿနာထူးခြားတိုးတက်မှု မရှိတဲ့အပေါ် ကုလသမဂ္ဂအနေနဲ့ ပိုမို ဖိအားပေးဆောင်ရွက်လာတဲ့ သင်္ကေတလည်းဖြစ်နေပါတယ်။

ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ဘန်ကီမွန်းက စစ်အုပ်စုကို အကြံပြုခဲ့တဲ့ အဓိက ၃ ချက်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားပြန်လွှတ်ရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်မျှတစွာ စီစဉ်ကျင်းပရေး စတာတွေ ဆွေးနွေးမယ်လို့မျှော်လင့်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ နိုင်ငံခြားရေးဝန်ကြီးဦးဘိုလှတင့်က သုံးသပ်ပါတယ်။

# ၂၀၁၀ ရွေးကောက်ပွဲဝင်ရေး ပြင်ဆင်နေကြ

**BBC। စက်တင်ဘာ ၁၅॥ ॥** ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့သမီးအပြင် အရင်မြန်မာအစိုးရခေါင်းဆောင်ဟောင်းတွေရဲ့ သားသမီးတချို့နဲ့အတူ နိုင်ငံရေးသမားတချို့ကနေပြီးတော့ ရွေးကောက်ပွဲဝင်ကြမယ်လို့ ဆိုပါတယ်။

အခု ဒီမိုကရက်တစ်ပါတီအဖြစ် ဦးသုဝေ–ဥက္ကဌ၊ ဦးရဲထွန်း–ဒုဥက္ကဌ၊ ဒေါ်သန်းသန်းနုကအတွင်းရေးမှူးချုပ်နဲ့ ဒေါ်ချိုချိုကျော်ငြိမ်း၊ ဒေါ်နေရီဗဆွေတို့ပါဝင်တဲ့ နိုင်ငံရေးသမားဟောင်းကြီးတွေရဲ့ သားသမီးကနေပြီးတော့ ဦးဆောင်ပြီးရွေးကောက်ပွဲပါဝင်မှာဖြစ်ပါတယ်။ ဒါကြောင့် အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုကို ဆက်သွယ်မေးမြန်းကြည့်ပါတယ်။

**BBC ॥ ॥** ဘယ်လိုရည်ရွယ်ချက်နဲ့ရွေးကောက်ပွဲဝင်မှာပါလည်းခင်ဗျ။

“၂၀၁၀ ရွေးကောက်ပွဲမှာ တရားမျှတတဲ့ရွေးကောက်ပွဲ လွတ်လပ်တဲ့ရွေးကောက်ပွဲဖြစ်မယ်ဆိုပြီး ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင်ကနေပြီးတော့ ပြောထားတယ်ဆိုတော့ ကျမတို့လည်း ဒီရွေးကောက်ပွဲမှာဝင်ပြီးတော့ မြန်မာပြည်သူတွေအတွက် တခုခု တနေရာရာကနေ လုပ်ပေးနိုင်ရင်ကောင်းမှာဘဲ ဆိုပြီးတော့ စဉ်းစားတာပါဘဲ။ အဲဒီကနေစပြီးတော့ ကျမတို့အခြေတည်လာတာပါ။ ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့အကြောင်းရင်းက။”

**BBC ॥ ॥** အခု တချို့ကလည်းပြောနေတာ ဖွဲ့စည်းပုံအခြေခံဥပဒေက စစ်အာဏာရှင်ကိုသက်ဆိုးရှည်စေဘို့ဖြစ်တယ်၊ အခုရွေးကောက်ပွဲဝင်မယ်ဆိုရင်လည်း စစ်တပ်ရဲ့အာဏာရှင်တွေကို အာဏာရှိအောင်ဘဲဖန်တီးပေးသလိုဖြစ်နေမယ်ဆိုပြီးတော့ ဝေဖန်မှုတွေရှိပါတယ်၊ အဲဒီအပေါ်မှာရော ဘာပြောချင်ပါသလဲခင်ဗျ။

“အဲဒီတော့ကျမတို့ မဝင်ရင်ရော၊ ရွေးကောက်ပွဲမဝင်ဘဲနဲ့နေရင်ရော ရွေးကောက်ပွဲကိုဒီလိုဘဲ ဆန့်ကျင်ပြီးတော့နေရင်ရော အဲလိုဆိုရင်ရော သူတို့က သက်ဆိုးမရှည်ဘူးလား။” ဒေါ်သန်းသန်းနုပြောသွားတာဖြစ်ပါတယ်။



# သတင်းတိုထွာဖတ်စရာက

ကျော်စိုးကွေး

## မူးယစ်ဆေးနာမည်ပျက်စာရင်း

အမေရိကန်ပြည်ထောင်စုဟာ မြန်မာ၊ ဘိုလီးဗီးယား၊ ဗင်နီဇွဲလားတို့ကို မူးယစ်ဆေးနှိမ်နင်းရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းတွေနဲ့ ညီအောင်မလုပ်တဲ့ နိုင်ငံများစာရင်းထဲမှာ ထည့်သွင်းထားတာမို့ အမေရိကန်ရဲ့အကူအညီတွေရဖို့ရာမရှိဘူးလို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ ၁၂ လအတွင်းမှာ အဲဒီနိုင်ငံတွေက ထိထိရောက်ရောက်ကြိုးပမ်းတယ်ဆိုတာ မပြသနိုင်တဲ့အတွက် သမတ အိုဘားမားအခုလိုဆုံးဖြတ်တာလို့ သိရပါတယ်။ **(AFP, 16.9.2009)**

## မြန်မာစစ်အစိုးရကိုပြစ်ဒဏ်ခတ်ပါ

မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားအားပေးသူတဦးဖြစ်တဲ့ ဗြိတိန်ရုပ်ရှင်မင်းသမီးအဆိုတော် ဂျိန်းဘာကင် က ဂျပန်အစိုးရသစ်အနေနဲ့ မြန်မာစစ်အစိုးရကို ဒီမိုကရေစီရေး အမှန်တကယ်လုပ်ဆောင်လာစေရန် ဖိအားပေးဖို့တိုက်တွန်းလိုက်ပါတယ်။ တိုကျိုမှာ ဖျော်ဖြေရေးအစီအစဉ်နဲ့ရောက်လာတဲ့ ဘာကင် ထိရောက်မှုရှိတဲ့ ပြစ်ဒဏ်ခတ်အရေးယူမှုကို လုပ်ဖို့လိုတယ်လို့ဆိုပါတယ်။ အဲဒီလိုမဟုတ်လို့ရှိရင်သာမန်ပြည်သူတွေကို ထိခိုက်နိုင်တယ်လို့ ပြောပါတယ်။ **(THE JAPAN TIMES, 16.9.2009)**

## စောင့်ကြည့်ခံနေရသည့်သံဃာများ

ရွှေဝါရောင်တော်လှန်ရေးနှစ်ပတ်လည်နီးလာတဲ့အတွက် နအဖစစ်အာဏာရှင် တွေဟာ သံဃာတွေအပေါ် အထူးကို အလေးထားစောင့်ကြပ်ကြည့်ရှုနေတယ် လို့ သိရပါတယ်။ ရန်ကုန်မှာရှိတဲ့သံဃာ့တက္ကသိုလ်မှာ စာမေးပွဲဖြေနေတဲ့ သံဃာတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ မျက်ခြည်မပြတ်စောင့်ကြည့်နေပါတယ်။ **(IRRAWADDY, 15.9.2009)**

## နယူးယောက်သွားမယ့်သိန်းစိန်

စက်တင်ဘာ ၂၅ ရက်နေ့ကျရင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နယူး ယောက်ကို ရောက်မှာဖြစ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံမှာ မိန့်ခွန်းပြောကြားမယ်လို့ သိရပါတယ်။ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး လိမ်ညာပြောဆိုဖို့ရှိပါတယ်။ ကုလအစည်းအဝေးကို တခါမှမတက်ဘူးတဲ့ သိန်းစိန် အခုလိုသွားတာဟာ ထူးခြားမှုရှိလို့ဖြစ်ပါတယ်။ နယူးယောက် ဒီမို ကရေစီအင်အားစုတွေကတော့ ကန့်ကွက်လှုပ်ရှားမှုလုပ်ဖို့ စီစဉ်နေတယ်လို့သိရပါတယ်။ **(VOB, 19.9.2009)**

## ရွေးကောက်ပွဲဝင်ရန်ဖိအား

နအဖစစ်အာဏာရှင်တွေဟာ အာဏာဆက်လက်ချုပ်ကိုင်ဖို့ သူတို့ရဲ့ တခုတည်းသောထွက်ပေါက်ဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲဖြစ်မြောက်ဖို့ အတင်းအဓမ္မကြိုးပမ်းနေရာမှာ အပစ်အခတ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို လက်နက်စွန့်ပြီး ရွေးကောက်ပွဲဝင်ကြဖို့ သတင်းစာတွေမှာ သတိပေးရေးသားတာတွေလုပ်နေပါတယ်။ ရွေးကောက်ပွဲအတွက် နအဖဟာ အပိုင်စီစဉ်နေတာကို တွေ့နေရပါပြီ။ **(AP, VOB, 17.9.2009)**

## ဒုက္ခသည်မှောင်ခိုလုပ်ငန်း

ထိုင်းမြန်မာနယ်စပ်အနီးမှာရှိတဲ့ ဒုက္ခသည်စခန်းတွေထဲကို ဒုက္ခသည်အဖြစ်နဲ့နာမည်စာရင်းတင်ပြီး တခြားနိုင်ငံကိုသွားခွင့်ရဖို့ကြိုးစားနေတဲ့သူတွေအတော်များများရှိသလိုပဲ အဲဒီလိုဒုက္ခသည်အတုတွေဖြစ်အောင်လုပ်ပေးပြီး အကျိုးအမြတ်ရနေတဲ့ ဒုက္ခသည်မှောင်ခိုတွေလည်းရှိနေပါတယ်။ ဒီလုပ်ငန်းဟာ ၂၀၀၅ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပြီး ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်းမှာ ပိုမိုတွင်ကျယ်လာနေပါတယ်။ **(VOB, IRRAWADDY, 17.8.2009)**

## ကိုယ်စားလှယ်အတု

နအဖဟာ သူ့ရဲ့အမိန့်ကိုလိုက်နာမယ့် လက်ညှိုးထောင်ခေါင်းငြိမ့်မယ့်သူ ၃၀၀ ကို ၂၀၁၀ ရွေးကောက်ပွဲကိုဝင်ဖို့အတွက် ပြင်ဆင်ရွေးချယ်နေပြီလို့သိရပါတယ်။ အဲဒီလူတွေကို ကြပ်ပြေးနေပြည်တော်မှာရှိတဲ့ နိုင်ငံကာကွယ်ရေးတက္ကသိုလ်မှာ သင်တန်းပေးနေတယ်ပါတယ်။ အဲဒီလူတွေကို အမျိုးသားနိုင်ငံရေးပါတီဖွဲ့ဝင် ရွေးကောက်ပွဲဝင်ခိုင်းမှာဖြစ်ပါတယ်။ **(IRRAWADDY, 16.9.2009)**

## စီအာပီပီဝန်ခံချက်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟာ သူ့ရဲ့ရည်မှန်းချက်တွေကို လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ဘူးလို့အတွင်းရေးမှူးဦးအေးသာအောင်က ဝန်ခံလိုက်ပါတယ်။ လွှတ်တော်ကျင်းပနိုင်ဖို့ အစွမ်းကုန်ကြိုးစားခဲ့ပေမဲ့ စစ်အစိုးရရဲ့ဖိအားတွေ၊ ခြိမ်းခြောက်နှောင့်ယှက်မှုတွေ၊ ဖမ်းဆီးမှုကြောင့် မလုပ်နိုင်ခဲ့ဘူးလို့ဆိုပါတယ်။ **(DVB, 17.9.2009)**

## ပြီးလုပြီးဆဲ အမေရိကန်ပေါ်လစီ

သမတအိုဘားမားအစိုးရဲ့မြန်မာပြည်အပေါ်ထားတဲ့ အမေရိကန်ပေါ်လစီဟာ အပြီးသတ်ချမှတ်နိုင်ဖို့နီးစပ်လာနေပြီလို့သိရပါတယ်။ အမေရိကန်ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီးတဦးဖြစ်တဲ့ စကော့မာစီယဲလ်က နိုင်ငံရေးအကျဉ်းသားတွေကို ဘယ်တော့မှမေ့ထားမှာမဟုတ်ကြောင်းနဲ့ ဒီကိစ္စနဲ့ပတ်သက်တဲ့ အမေရိကန်ပေါ်လစီကို မေးခွန်းထုတ်စရာမလိုကြောင်း ရပ်တည်ချက်ကို ပြတ်ပြတ်သားသားပြောဆိုလိုက်ပါတယ်။ **(AFP, 16.9.2009)**

## အဲန်အဲလ်ဒီလူငယ်လုပ်ငန်းအဖွဲ့

အဲန်အဲလ်ဒီလူငယ်တွေဟာ မြို့နယ်ပေါင်း ၆၈ မြို့နယ်မှာ လူငယ်လုပ်ငန်းအဖွဲ့ တွေကို ဖွဲ့စည်းထားတယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့ ၆ လအတွင်းမှာ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီ၊ ကချင်၊ ရခိုင်၊ မွန်ပြည်နယ်တွေမှာ အဖွဲ့ တွေ ထူထောင်ခဲ့တာဖြစ်ပါတယ်။ **(VOB, 16.9.2009)**

# မွန်ပြည်သစ်ပါတီနှင့် ဒီမိုကရက်တစ် တပ်ဦးခေါင်းဆောင်အချို့ ကော်မတီ ဖွဲ့စည်း

**DVB၊ စက်တင်ဘာ ၁၅။** ။ ၂၀၁၀ ရွေးကောက်ပွဲအတွက် မနေ့က ရန်ကုန်မှာ ဆွေးနွေးပွဲလုပ်ပြီး နိုင်ငံရေးပါတီဖွဲ့ဖို့ ပြင်ဆင်ကြသလို နယ်စပ်ဒေသက တိုင်းရင်းသားအဖွဲ့တွေကလည်း နိုင်ငံရေးပါတီဖွဲ့ဖို့ ပြင်နေကြောင်း သိရပါတယ်။

၂၀၁၀ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီဥပဒေ၊ လုပ်ထုံးလုပ်နည်း ဘာမှထွက်မလာသေးပေမယ့် ရန်ကုန်နိုင်ငံရေးသမားတချို့နဲ့နယ်စပ်က တိုင်းရင်းသားအဖွဲ့တချို့က အရှိန်ယူ ပြင်ဆင်နေတာကိုတွေ့ရပါတယ်။ မနေ့က ရန်ကုန်မှာ ဟောပြောပွဲလုပ်ခဲ့တဲ့ ဒီမိုကရက်တစ် ပါတီသစ်ဥက္ကဋ္ဌ ဦးသုဝေက ဝန်ကြီးချုပ်ဟောင်း ဦးနု၊ ဦးဘဆွေ၊ ဦးကျော်ငြိမ်းတို့ရဲ့သမီး ၃ ဦး သူ့ပါတီမှာ ပါပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်နေပြီလို့ပြောခဲ့ပါတယ်။ အပစ်ခတ်ရပ်စဲပြီး နိုင်ငံရေးအစဉ်လာကြီးတဲ့ ကချင်နဲ့မွန်ဘက်မှာလည်း အလားတူ ဂယက်ရိုက်မှုတွေကို တွေ့နေရပါတယ်။

ဒေါက်တာတူးဂျာတို့က ကေအိုင်အို မိခင်အဖွဲ့မှ နုတ်ထွက်ပြီး ပါတီသစ်ထောင်ဖို့ပြင်နေသလို မွန်ပြည်သစ်ပါတီက ခေါင်းဆောင်တချို့နဲ့ ၁၉၉၀ ရွေးကောက်ပွဲကို ဝင်ခဲ့တဲ့ မွန်အမျိုးသားဒီမိုကရက်တစ်တပ်ဦးက ခေါင်းဆောင်တချို့ကလည်း ပါတီထောင်ဖို့ပြင်နေပါတယ်။ ဒီအဖွဲ့ကို လောလောဆယ် ၁၅ ဦးနဲ့ ဖွဲ့စည်းထားပြီး အဓိကတာဝန်က မွန်အမျိုးသားတရပ်လုံးကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီတခုဖွဲ့ဖို့ဖြစ်ပြီး ရွေးကောက်ပွဲ မဝင်ခင်က နောက်တပိုင်းဖြစ်တယ်လို့ ဒီအဖွဲ့ထဲမှာပါတဲ့ မွန်အမျိုးသားတပ်ဦး တွဲဖက်အတွင်းရေးမှူး မင်းစိုးလင်းက ပြောပါတယ်။

“ကျနော်တို့က ဇွန်လပိုင်းမှာ ၁၅ ဦး ကော်မတီအဖွဲ့ကို ဖွဲ့စည်းတယ်။ အမ် အန်ဒီအက်ဖ်မှာ ဘုတ်အဖွဲ့ဝင်က ကျနော်အပါအဝင် ၈ ယောက်လောက် ပါတယ်။ မွန်ပြည်သစ်ပါတီက အနားယူထားတဲ့သူတွေ၊ ပညာတတ်တွေ၊ လူငယ်တွေပါတယ်။ ၁၅ ဦးကော်မတီဟာ အဖွဲ့လည်း မဟုတ်ပါဘူး။ ၂၀၀၉ မှာ နိုင်ငံရေးပါတီတခု ဖွဲ့စည်းရမယ်ဆိုရင် မွန်လူမျိုးတွေဟာ ပါတီ ၄ ခုလောက်ရှိတာထက်စာရင် ပါတီ ၁ ခုတည်းရှိတာက ပိုကောင်းတယ်၊ ပါတီဖွဲ့စည်းခြင်းနဲ့ ၂၀၁၀ ရွေးကောက်ပွဲဝင်ခြင်း အဲ့ဒီ နှစ်ခုကို တွဲမထားပါဘူး။”

ဒေါက်တာမင်းစိုးလင်း ပြောသွားတဲ့ အထဲက အမ်အန်ဒီအက်ဖ်ဆိုတာက ၉၀ ရွေးကောက်ပွဲမှာ အမတ်နေရာ ၆ နေရာရခဲ့တဲ့ မွန်အမျိုးသား ဒီမိုကရက်တစ်တပ်ဦးကို ဆိုလိုတာဖြစ်ပါတယ်။ ၁၅ ဦး ကော်မတီထဲမှာပါတဲ့ အဖွဲ့ဝင်တဦး ဒေါက်တာဗညားအောင်မွန်က တခြားအသံလွှင့် မီဒီယာတွေကိုပြောခဲ့တဲ့ အချက်တချို့လွဲချော်နေတယ်လို့ မင်း စိုးလင်းက ပြောပါတယ်။ စီအာပီပီ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီနဲ့ ယူအန်အေ ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့မှာ ပါနေတဲ့ ဥက္ကဋ္ဌနိုင်ထွန်းသိန်းနဲ့ ဒုဥက္ကဋ္ဌနိုင်ငွေသိန်းတို့က ဒီ ၁၅ ဦး စာရင်းမှာမပါဘဲ နာယကထဲမှာပါတယ်လို့ မင်းစိုးလင်းက ပြောပါတယ်။

ဒါအပြင် ဒီ ၁၅ ဦးအဖွဲ့ဟာ ပါတီအသစ်တခု ဖြစ်လာအောင် ကမကထလုပ်ပေးမယ့် လုပ်ငန်းကော်မီတီအဆင့်သာ ရှိသေးတဲ့အတွက် စီအာပီပီ၊ ယူအန်အေတို့နဲ့ ဘာမှဆက်စပ်မှုမရှိသေးဘူးလို့ မင်းစိုးလင်းက ပြောပါတယ်။ ဒီ ၁၅ ဦးကော်မီတီရဲ့ အစည်းဝေးကို ဒီလကုန်ပိုင်းမှာ ဆင့်ခေါ်ထားပြီး ရှေ့လုပ်ငန်းစဉ်နဲ့ မူဝါဒတွေကို ဆွေးနွေးဖို့ရှိတယ်။ လောလောဆယ် ဘာမှလုပ်ခွင့်မရ ဖြစ်နေတဲ့နိုင်ငံရေးသမားတွေ ပါတီမှတ်ပုံတင်ပြီးရင် နယ်တွေကို အမြန်ဆင်းပြီး မွန်အမျိုးသားရေးကို လုပ်နိုင်ဖို့ဖြစ်တယ်လို့ ၁၉၉၈ မှာ ဖမ်းဆီးခံရပြီး ၂၀၀၄ ကမှ အကျဉ်းထောင်ကနေ လွတ်လာတဲ့ ကိုမင်းစိုးလင်းက ပြောပါတယ်။

“ပါတီဖွဲ့လိုရမှ နယ်တွေဆင်းပြီး စည်းရုံးရေးဆင်းမယ်ဆိုရင် ဘယ်လိုမှ အချိန်မရနိုင်ဘူး။ အဲ့တော့ သူတလူ ငါတမင်း ပါတီအများကြီး ဖြစ်သွားတာထက် စာရင် ပါတီတခုတည်းဖြစ်ရင် မျက်စိမလည်တော့ဘူးပေ့ါ။ အဲ့ဒီသဘောပါ။ ပါတီဖွဲ့စည်းခြင်းနဲ့ ရွေးကောက်ပွဲဝင်ခြင်းက ကျနော်တို့ကော်မတီနဲ့မဆိုင်ပါဘူး၊ ပါတီဖွဲ့ပြီးမှ ပါတီက စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ငန်းစဉ်တွေ၊ ဥပဒေတွေ၊ ရပ်တည်ချက်တွေ ရေးဆွဲပါလိမ့်မယ်၊ အဲ့ဒီပါတီက ၂၀၁၀ ရွေးကောက်ပွဲအတွက် အဆုံးအဖြတ်ပေးပါလိမ့်မယ်။ လာမယ့် ၂၄ ရက်နေ့မှာ အစည်းအဝေးရှိပါတယ်။ ကျနော်တို့တာဝန်က အဲ့ဒီလောက်ပဲ ရှိတယ်။”

# အောင်လံမြို့နယ် တရားရုံးမှာ လယ်သမား ၁၃ ဦး အမှုတွဲ ဆက်လက်စစ်ဆေး

**DVB၊ စက်တင်ဘာ ၁၅။** ။ အောင်လံမြို့နယ်မှာ အိုင်အယ်လ်အို ရန်ကုန်ရုံးခွဲနဲ့ နေပြည်တော်က အရာရှိတို့ ခွင့်ပြုချက်နဲ့ လယ်ယာလုပ်ပိုင်ခွင့်ရထားတဲ့ ဦးသန်းစိုး အပါအဝင် စမ်းကလေးကျေးရွာက လယ်သမား ၁၃ ဦး ဒီနေ့မှာ ဆက်လက်အမှုရင်ဆိုင်နေရပါတယ်။

သကြားစက်ဝန်ထမ်းတွေ တရားစွဲထားတဲ့ ပိုင်နက်ကျူးကျော်မှု၊ အကျိုးစီးပွားဖျက်ဆီးမှုနဲ့ ပတ်သက်ပြီး အောင်လံတရားရုံးမှာ ထပ်မံအမှုရင်ဆိုင်နေရပြီး ခေါ် ယူစစ်ဆေးနေတာ ရုံးချိန်း ၁၄ ကြိမ် ရှိသွားပြီဖြစ်ပါတယ်။ အကြောင်းပြချက်က ဒီအမှုကို ကိုင်တွယ်တဲ့ တရားသူကြီးဦးနေအောင်က တခြားမြို့ကို တာဝန်ပြောင်းရွှေ့သွားသလို ဒုအထူးအာဏာရ တရားသူကြီး ဒေါ်တင်တင်ဦးကလည်း ပြီးခဲ့တဲ့ ဩဂုတ်လကုန်ပိုင်းက ထပ်မံပြောင်းရွှေ့သွားတာဖြစ်တယ်လို့လယ်သမားမိသားစုဝင်တဦးက ပြောပါတယ်။

“ရုံးချိန်းကလည်း တရားသူကြီး အပြောင်းအရွှေ့ရှိတာနဲ့ မဖြစ်ဘူး၊ ဒီရက်ပိုင်းကျတော့ တရားသူကြီးက ထိုင်ခါစဆိုတော့ မစစ်သေးဘူး။ နောက်ရက်ရုံးပြန်ချိန်းလိုက်တယ်။ ဒီအပတ်ကျမှ ပြန်စစ်တယ်။ တရားလိုပြသက်သေ ကျန်တာကို စစ်သလားဆိုတာ မပြောတတ်ဘူး။ ကိုသန်းစိုးကို စစ်တဲ့အဆင့် မရောက်သေးဘူး။ ဒီနေ့ ၁၅ ရက်နေ့ စစ်တယ်။ ၂၂ ရက်နေ့ ရုံးပြန်ချိန်းလိုက်တယ်။”

ပြဿနာအစက လွန်ခဲ့တဲ့ ၂ နှစ်က အမှတ် ၅ သကြားစက်ရုံက အောင်လံမြို့နယ် အရှေ့ဘက် သပလ၊ ရွှေပန်းတော ကားလမ်းဘေးဝဲယာရှိ မြေပေါ်ရွာ၊ ညောင်ပင်ဝိုင်း၊ ညောင်ပင်သာ၊ သပြေပင်၊ စမ်းကလေးအပါအဝင် ရွာအတော်များများက လယ်သမားတွေကို အဓမ္မ ကြံစိုက်ခိုင်းခဲ့တာဖြစ်ပါတယ်။ တောင်သူတွေက ငြင်းဆန်တဲ့အတွက် လယ်ယာမြေ ဧက ၂၀၀၀ ကျော်ကို ဒေသခံအာဏာပိုင်တွေက သိမ်းယူပါတယ်။

အဲဒီနောက်ပိုင်း အိုင်အယ်လ်အိုနဲ့နေပြည်တော်အရာရှိတို့ရဲ့ ခွင့်ပြုချက်နဲ့ပြန်လုပ်နိုင်ပေမယ့် ကျန်တဲ့ စန်းတောင် စီကွင်းက လယ်ယာဧက ၁၀၀ ကျော်ရှိ စမ်းကလေးကျေးရွာ တောင်သူတွေ ဆက်လက်အမှုရင်ဆိုင်နေရတာပါ။ အလားတူ တံပိုးကျေးရွာအုပ်စုက တောင်သူလယ်သမားဦးညဏ်မြင့် သားအဖကို ၉ ခရိုင် စိမ်းလန်းစိုပြေရေးစီမံကိန်း သစ်တောကြိုးဝိုင်းအဖြစ် သိမ်းယူထားတဲ့ လယ်မြေနဲ့ပတ်သက်လို့ သစ်တောဦးစီးဌာနက ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှုနဲ့ တရားစွဲဖို့ပြင်နေပြီး၊ သူတို့ ၂ ဦးကို အောင်လံရဲစခန်းမှာ ချုပ်ထားဆဲဖြစ်ပါတယ်။

“ဦးညဏ်မြင့်တို့ သားအဖကို ၂၁ ရက်နေ့ ရုံးချိန်းရှိတယ်။ ရမန်က ၂ ပတ်ယူထားတယ်။ ၂၁ ရက်နေ့ကျမှ ရုံးတင်ပြီး ရမန်ထပ်ယူမလားဆိုတာ မသိရဘူး။ ဦးအေးမြင့်ကိစ္စက နိုင်ငံရေးသမားမို့လို့ တမင်လုပ်ကြံပြီး ဖန်တီးတာလို့ မြင်တယ်။ သူတို့ ဘယ်လို ခြေလှမ်း လှမ်းမလဲဆိုတာ ကြည့်ရဦးမယ်။”

ဦးအေးမြင့်က အောင်လံမြို့က အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဖြစ်ပြီး၊ လယ်သမားကြီး ဦးညဏ်မြင့်တို့ကို ဖမ်းထားတဲ့အပေါ် မတရားဘူးလို့ သစ်တောဦးစီးအရာရှိ ဦးဘုန်းအောင်ကို လက်ဖက်ရည်ဆိုင်တခုမှာ ပြောမိလို့ ဝတ္တရားနှောင့်ယှက်မှုနဲ့ ရုံးတင် တရားစွဲဖို့ပြင်နေတာဖြစ်ပါတယ်။ ဦးအေးမြင့်ကိုလည်း လာမယ့် ၁၇ ရက်ကို အောင်လံမြို့နယ်တရားရုံးက ရုံးချိန်းထားပါတယ်။

# သံဃာတွေရဲ့လုပ်ရပ်ကို ၈၈ မျိုးဆက်တွေနဲ့ ဗကသအဖွဲ့ချုပ်ထောက်ခံ

**RFA၊ စက်တင်ဘာ ၁၄။** ။ ရွှေဝါရောင်တော်လှန်ရေး ၂ နှစ်ပြည့်တဲ့အချိန်အထိ ပြည်သူတွေရဲ့အကျိုးအတွက် ဆက်လက်တိုက်ပွဲဝင်လှုပ်ရှားနေတဲ့ သံဃာ့တပ်ပေါင်းစုနဲ့ သံဃာတွေရဲ့လုပ်ဆောင်ချက်တွေကို ထောင်ခံကြောင်း၊ ၈၈ မျိုးဆက်ကျောင်းသားတွေနဲ့ ဗကသ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်ကနေ ဒီကနေ့ စက်တင်ဘာလ ၁၄ ရက်နေ့မှာ ကြေညာချက်တစောင်ထုတ်ပြန်လိုက်ပါတယ်။

အချက် ၅ ချက်ပါတဲ့ အဲဒီပူးတွဲကြေညာချက်မှာ ကျဆုံးသွားတဲ့သံဃာတွေနဲ့ အကျဉ်းထောင်တွေအတွင်း ညှဉ်းပမ်းနှိပ်စက်ခံနေရတဲ့ သံဃာတော်တွေကို ချီးကျူးဂုဏ်ပြုကြောင်း ဖော်ပြထားသလို၊ စစ်အစိုးရရဲ့သံဃာတွေအပေါ် ဖိနှိပ်စော်ကားမှုတွေကိုလည်း ရပ်တန့်ဘို့ တောင်းဆိုထားပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုထွန်းမြင့်အောင်က ကြေညာချက်ပါသဘောထားတွေနဲ့ပတ်သက်ပြီး အခုလိုပြောဆိုပါတယ်။

“ဒီ ဒကာ ဒကာမတွေရဲ့အကျိုးအတွက် တိုင်းပြည်ငြိမ်းချမ်းစေဘို့အတွက် ရဟန်း သံဃာတော်မြတ်တွေက မေတ္တာရှေ့ထားပြီးတော့ စွန့်စွန့်စားစားနဲ့ ငြိမ်းချမ်းဘို့ ဒီမိုကရေစီရဘို့ ရဟန်းသံဃာတွေက လှုပ်ရှားဆောင်ရွက်နေတာကို ကျနော်တို့တွေ့ရတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးကနေပြီးတော့ နအဖ စစ်အစိုးရကိုတောင်းဆိုထားတဲ့ အကျဉ်းသားတွေအားလုံးလွှတ်ပြီးတော့ တွေ့ဆုံဆွေးနွေးရေးလုပ်ဘို့ဆိုတဲ့ ရဟန်းသံဃာတော်မြတ်တွေရဲ့ တောင်းဆိုလှုပ်ရှားမှုတွေကို ကျနော်တို့ကျောင်းသားထုနဲ့ ပြည်သူလူထုက ထောက်ခံတယ်ဆိုတဲ့အကြောင်းကိုပြောချင်တာပါ။ ပြီးတော့ နအဖစစ်အစိုးရအနေနဲ့ ရဟန်းသံဃာတော်မြတ်တွေရဲ့ တောင်းဆိုမှုကို လိုက်လျောခြင်းအားဖြင့် ဒီနေ့ တိုင်းပြည်မှာရင်ဆိုင်နေရတဲ့ အထွေထွေအကျပ်အတည်းတွေကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျနော်တို့ကတိုက်တွန်းလိုပါတယ်။”

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုထွန်းမြင့်အောင်ပြောဆိုသွားတာပါ။ ဒီ့အပြင် သံဃာတော်တွေကို ဝန်ချတောင်းပန်ပြီး တိုင်းပြည်ပြဿနာတွေကို ငြိမ်းချမ်းစွာဖြေရှင်းဘို့ တောင်းဆိုကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသမဂ္ဂများအဖွဲ့ချုပ် ဗကသခေါင်းဆောင် မသစ္စာအောင်ကလည်း အခုလိုပြောဆိုပါတယ်။

“၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးပြီးမှ တိုင်းပြည်အတွက် အသက်ပေးလှူသွားကြတဲ့ သံဃာတော်အရှင်သူမြတ်တွေ၊ အခုတိုင်အောင် အကျဉ်းထောင်တွေထဲမှာ ဒုက္ခမျိုးစုံနဲ့ရင်ဆိုင်နေရပြီး အကျဉ်းကျနေတဲ့ ရဟန်းသံဃာတွေရဲ့ မပြည့်ဝသေးတဲ့ဆန္ဒတွေကို အကောင်အထည်ဖော်ဘို့ဆိုပြီး ဆက်ပြီးကြိုးပမ်းဆောင်ရွက်နေတဲ့ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးနဲ့ သံဃာတော်ထုကို ကျမတို့ ဗကသ ကလည်း ထောက်ခံကြောင်းနဲ့ သံဃာတော်မြတ်တွေရဲ့ တရားမျှတတဲ့ လှုပ်ရှားမှုမှန်သမျှကို ကျမတို့အင်အားတွေနဲ့ ပူးပေါင်းပါဝင်ဘို့ အသင့်ဖြစ်နေကြောင်းကို ပြောချင်ပါတယ်။ နအဖ အနေနဲ့လည်း ကမ္ဘာတုန်အောင် ကိုယ့်နိုင်ငံ ကိုယ့်သာသနာကို စော်ကားခဲ့တဲ့လုပ်ရပ်တွေကို ရှေ့ဆက်ပြီးမကျူးလွန်ဘို့နဲ့ သူတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက်လည်း သံဃာတော်တွေကို တောင်းပန်ဘို့ တောင်းဆိုပါတယ်။ ဒီအခါမှာ မြန်မာနိုင်ငံရဲ့ပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းစွာဖြေရှင်းဘို့ကို ကျမတို့တိုက်တွန်းပါတယ်။”

ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ သံဃာတော်တွေက သံဃာ့တပ်ပေါင်းစုဖွဲ့စည်းပြီး စစ်အစိုးရက သံဃာတော်တွေကို ဝန်ချတောင်းပန်ဘို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ဘို့ ကြေညာတောင်းဆိုခဲ့ပါတယ်။

# ဒေါ်စု အယူခံကြားနာခွင့် ငြင်းပယ်ခံရ

**DVB၊ စက်တင်ဘာ ၁၅။** ။ ဒီလ ၁၈ရက်နေ့ တိုင်းတရားရုံးမှာ အယူခံအတွက် အပြီးသတ် လျှောက်လဲချက်ပေးတဲ့အခါ ကြားနာခွင့်ပြုဖို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့တင်ပြတောင်းဆိုချက်ကို အာဏာပိုင်တွေက ငြင်းပယ်လိုက်တယ်လို့ သူ့ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့တာဝန်ပေးချက်အရ ပြီးခဲ့တဲ့ သောကြာနေ့က အာဏာပိုင်တွေထံ စာရေးတောင်းဆိုတာကို စနေနေ့မှာ အာဏာပိုင်တွေက ရှေ့နေဦးဉာဏ်ဝင်းကို ခေါ်တွေ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို တရားခွင်မှာ တက်ရောက်ကြားနာခွင့်မပြုကြောင်း အကြောင်းပြန်ခဲ့တာလို့ ဆိုပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကြားနာမယ့်တရားခွင်ကို သွားရောက်ချင်တယ်လို့ ကျနော်တို့ကိုပြောပါတယ်။ သောကြာနေ့မှာ ကျနော်တို့က သတင်းတပ်ဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ခွင့်ပြုဖို့စာပို့ပါတယ်။ စနေနေ့မှာ လက်မခံဘူး၊ ငြင်းဆိုတယ်လို့ အကြောင်းပြန်ပါတယ်။”

တည်ဆဲဥပဒေအရ အမှုသည်အားလုံး မည်သူမဆို ကာယကံရှင် ကိုယ်တိုင်တက်ရောက် ကြားနာခွင့်ပေးထားပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံးတက်ရောက် နားထောင်ခွင့်ကို အကျိုးအကြောင်း ခိုင်လုံမှုမရှိဘဲ ငြင်းဆိုလိုက်တာလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ငြင်းဆိုတာက ကျိုးကြောင်းခိုင်လုံမှုမရှိဘူး။ တာဝန်မယူတဲ့အတွက် ငြင်းဆိုတာလို့ ကျနော် နားလည်ပါတယ်၊ ဒီကိစ္စကို တရားရုံးမှာသွားလျှောက်လို့ ပြောတယ်။ တရားရုံးနဲ့ မဆိုင်တဲ့ကိစ္စဖြစ်နေတယ်။ တရားရုံးက မည်သူကို မဆို ဝင်ရောက်ကြားနာခွင့်ရှိတယ်။ ပုံမှန်အားဖြင့် အမှုသည်တွေက ကိုယ့်ရဲ့အမှုကို ကြားနားခွင့်ရှိပြီး ဘယ်ဥပဒေမှာမှ တားမြစ်ထားတာ မရှိပါဘူး။”

ဒေါ်အောင်ဆန်းစုကြည် အမှုအတွက် တင်ထားတဲ့အယူခံကို တိုင်းတရားရုံးက လက်ခံထားပြီး ဒီလ ၁၈ ရက်နေ့ မနက် ၁၀ နာရီမှာ နှစ်ဖက် ရှေ့နေတွေ လျှောက်လဲချက်ပေးကြမှာဖြစ်ပါတယ်။

# မိုးခေါင်ပေမယ့် စပါး အတင်းစိုက်ခိုင်း

**DVB၊ စက်တင်ဘာ ၁၅။** ။ အထက်အညာဒေသတချို့မှာ ဒီနှစ် မိုးခေါင်လို့ စိုက်ပျိုးရေးကို အဓိကအားထားနေရတဲ့ တောင်သူတွေ တော်တော်အခက်တွေ့နေပါတယ်။ မကွေးတိုင်း ရေနံချောင်းနဲ့ ချောက်မြို့မှာ မိုးရေ မရတဲ့အပြင် ကန်ရေပါ မရလို့ စိုက်ပျိုးထားတဲ့ သီးနှံအားလုံးပျက်စီးကုန်တယ်လို့ ချောက်မြို့ခံတဦးက ပြောပါတယ်။

“မိုးအားပြုပြီး စိုက်ထားတဲ့ နှမ်း၊ မြေပဲတို့က နှစ်လကျော်တဲ့အထိ မိုးမရွာတော့ သေကုန်ပြီ။ တချို့ကလည်း မကြဲရသေးဘူး။ နွေနှမ်းတွေကလည်း မကြဲရသေးဘူး။ စက်တင်ဘာထဲမှာ မိုးက နည်းနည်းရွာတော့ ကြဲလိုက်တာပဲက အပင်ပေါက်ရုံပေါက်ပြီး သေကုန်တယ်။ မိုးမရွာတော့ ကန်တွေမှာလည်း ပပ်ကြားအက်ပြီး ရေမတင်ဘူး။ နွားစာဆိုရင်လည်း သစ်ပင်တွေ ခုတ်ကျွေးနေရတယ်။”

မိုးခေါင်လို့ အဆင်မပြေရတဲ့အထဲ အထက်အာဏာပိုင်တွေက စပါးအတင်းအကျပ် စိုက်ခိုင်းနေလို့ ကြက်သွန်စိုက် တောင်သူတွေ အခက်တွေ့နေကြောင်း ရေနံချောင်းမြို့ပြင်းဝအုပ်စု ရွာခံတဦးက ပြောပါတယ်။

“တောင်သူတွေက မစိုက်ချင်ကြဘူး၊ စိုက်လို့ရင်းနှီးရသလောက် အကျိုးအမြတ်ကလည်းမရှိဘူး၊ ဆောင်းကြက်သွန်ပဲ စိုက်ချင်တာ။ လယ်လုပ်လိုက်တော့ ဆောင်းကြက်သွန်က မလွတ်ဘူးလေ၊ မိုးစပါးစိုက်ရင် ဆုံးရှုံးမှုပဲရှိမှာ၊ ကြက်သွန်ကတော့ မြေ ဒသမ ၂၅ ဆိုရင် ကြက်သွန် ၁ ထောင်လောက်ထွက်မယ်။ ကုန်ကျစရိတ်က ၁ သိန်း မရှိဘူး။ ထွက်လာရင် ၄၊ ၅ သိန်းရမှာ။ စပါးစိုက်ရင် ၂ သောင်းခွဲ ၃ သောင်းပဲ ကုန်ပေမယ့် ပြန်ရဖို့ခဲယဉ်းတယ်။”

ဒီလို အကျပ်အတည်းတွေကြောင့် ဒေသခံတောင်သူတွေဟာ စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ဖို့ အခက်တွေ့နေတယ်လို့ ဆိုပါတယ်။ အဲဒီတွက် ဒေသခံလက်လုပ်လက်စားအများစုက နေပြည်တော်၊ မန္တလေးစတဲ့ မြို့တွေမှာ အလုပ်ကြမ်း သွားလုပ်ကြတယ်လို့လည်း ပြောပါတယ်။ ဒါပေမယ့် အလုပ်သမားခေါင်းတွေရဲ့ ခေါင်းပုံဖြတ်မှုကြောင့် အဆင်မပြေဘဲ ပြန်ထွက်ပြေးလာရတဲ့ လူတွေလည်း အများကြီးလို့ ဒေသခံတွေက ပြောပါတယ်။

# စီအာပီပီ ၁၁ နှစ် ပြည့် ရည်မှန်းချက်နှင့် လုပ်ငန်းများပြန်လည်သုံးသပ်မည်

**DVB။ စက်တင်ဘာ ၁၆။** ။ ဒီနေ့ စက်တင်ဘာလ ၁၆ ရက်နေ့က ၉၀ ရွေးကောက်ပွဲရလဒ်အတိုင်း လွှတ်တော်ခေါ်နိုင်ရေးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီစီအာပီပီကို ဖွဲ့စည်းခဲ့တာ ၁၁ နှစ်ပြည့်တဲ့နေ့ဖြစ်ပါတယ်။

စီအာပီပီရဲ့ ရည်မှန်းချက်တွေ အကောင်အထည် ပေါ်လာဖို့ ဘယ်လောက်အထိနီးစပ်နေပြီလဲ၊ စီအာပီပီရဲ့ လက်ရှိအနေအထားနဲ့ ရှေ့အလားလာတွေ အကြောင်းကို တင်ပြပေးပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီဟာ ဒီနေ့ နှစ်ပတ်လည်နေ့မှာ ဘာဆောင်ရွက်ချက်မှ မလုပ်ဘဲ သောကြာနေ့ကျမှ အဖွဲ့ဝင်တွေ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ထားတယ်လို့ အတွင်းရေးမှူးဦးအေးသာအောင်က ပြောပါတယ်။ အဖွဲ့ချုပ်ရုံးချုပ်မှာ တွေ့ဆုံပြီး လက်ရှိနိုင်ငံရေးအခြေအနေအပေါ် သုံးသပ်ဆွေးနွေးကြမှာဖြစ်ပြီး ကြေညာ ချက်ထုတ်တာမျိုး မလုပ်တော့ဘူးလို့ ဦးအေးသာအောင်က ပြောပါတယ်။

စီအာပီပီရဲ့ လှုပ်ရှားမှုတွေက ၂၀၀၉ ခုနှစ်မှာ တော်တော်လေးအားနည်းသွားတယ်လို့ ပြောရမှာဖြစ်ပြီး အဖွဲ့ဝင်အချင်းချင်း တွေ့ဆုံပွဲတွေကို အရင်ကလို ပုံမှန်လုပ်နိုင်တာမျိုးမရှိတာတွေ့ရပါတယ်။ အတွင်းရေးမှူး ဦးအေးသာအောင်က စီအာပီပီရဲ့လှုပ်ရှားမှုတွေ အားနည်းသွားတယ်ဆိုတာ မှန်ကန်ကြောင်း၊ ဥက္ကဋ္ဌ ဦးအောင်ရွှေနဲ့အဖွဲ့ဝင်တချို့ကျန်းမာရေးမကောင်းတာနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ဝင်တချို့ ဖမ်းဆီးထိမ်းသိမ်းခံနေရတာတွေကြောင့် ဖြစ်တယ်လို့ ပြောပါတယ်။ မူလရည်မှန်းချက်ဖြစ်တဲ့ လွှတ်တော်ပေါ်ပေါက်ရေး ကြိုးပမ်းမှု အခြေနေနဲ့ ပတ်သက်လို့ ဦးအေးသာအောင်က ပြောပါတယ်။

"လွှတ်တော်ခေါ်ယူဖို့ လွှတ်တော်ပေါ်ပေါက်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေ ရှိပေမယ့် တဘက်မှာ အဟန့်အတားတွေ၊ အနှောင့်အယှက်တွေ၊ ဖိနှိပ်မှုတွေ၊ ထောင်ချပြီး ပြစ်ဒဏ်တွေ အမျိုးမျိုးပေးနေတာ၊ အဖွဲ့ဝင်တွေကို ဟန့်တားတာကြောင့် စီအာပီပီရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ လွှတ်တော်ခေါ်ယူရေး၊ လွှတ်တော်ပေါ်ပေါက်ရေး၊ ၉၀ ရလဒ် အကောင်အထည် ဖော်ဆောင်ရေးဆိုတာ တကယ့်လက်တွေ့မှာ မဖော်နိုင်ခဲ့ဘူးလို့ပြောရမှာ ဖြစ်ပါတယ်။"

စီအာပီပီရဲ့အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေးနဲ့ လွှတ်တော်ပေါ်ပေါက်ရေးအတွက် ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့ ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

"အခုချိန်မှာ အကောင်အထည်ဖော်ဖို့ အလားအလာ ဖြစ်နိုင်ချေနည်းနေတယ်လို့ပြောရမှာဖြစ်ပေမယ့် ၉၀ ရွေးကောက်ပွဲမှာအနိုင်ရတဲ့ ပါတီတွေ၊ အဖွဲ့ဝင်တွေအနေနဲ့ မဖြစ်မနေဆက်လက်ပြီး ကြိုးပမ်းသွားဖို့ရှိပါတယ်။ စီအာပီပီဆိုတာ အန်အယ်လ်ဒီအပါအဝင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားပါတီတွေနဲ့အခြားအနိုင်ရပါတီတွေ ပူးပေါင်းဖွဲ့စည်းလိုက်တဲ့အတွက်ကြောင့် အဲ့ဒီပါတီတွေ ရှင်သန်ရပ်တည်နေသမျှကာလပတ်လုံး စီအာပီပီကရှိနေအုံးမှာဖြစ်ပါတယ်။"

ထောင်က ပြန်လွှတ်လာပြီး မနှစ်က နိုဝင်ဘာမှာ စီအာပီပီအဖွဲ့ဝင်ဖြစ်လာတဲ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းတင်က စီအာပီပီကချမှတ်ထားတဲ့ ရည်မှန်းချက်တွေ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုအားလုံး ဝိုင်းဝန်းကြိုးစားကြဖို့လိုအပ်တယ်လို့ ပြောပါတယ်။

"အစိုးရ အခုလုပ်နေတဲ့ပုံစံက ရွေးကောက်ပွဲလုပ်မယ်၊ လွှတ်တော်တွေခေါ်မယ်။ ၁၉၉၀ ရွေးကောက်ပွဲက ပေါ်ထွက်လာမယ့် လွှတ်တော်ကို အခု ၂၀၁၀ ခုနှစ်မှာ ပေါ်ပေါက်လာမယ့်လွှတ်တော်နဲ့ နှင်းချေမှာပေ့ါ။ ကျနော်တို့လွှတ်တော်က အစိုးရက ဖျက်သိမ်းခြင်းမလုပ်နိုင်သေးဘူး။ ပျက်ပြယ်သွားပြီလို့ ဥပဒေကြောင်းအရ ပြောစရာမရှိဘူး။ ဒါတွေ အကုန်လုံးက ကျနော်တို့ရဲ့ စိတ်ဓာတ်အပေါ်မှာ၊ နိုင်ငံရေးလုပ်ငန်းစဉ်အပေါ်မှာ၊ ကျနော်တို့အားထုတ်မှုအပေါ်မှာမူတည်တယ်။ ဒီဟာကို အသက်မဝင်ဘူးဆိုတာမျိုး မဟုတ်ဘူး။ ဘယ်လို အကောင်အထည်ဖော်မလဲဆိုတာ လွှတ်တော်ကိုယ်စားပြုကော်မတီနည်း တခုတည်းနဲ့လုပ်လို့မရဘူး။ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ ဒီမိုကရေစီအင်အားစုတွေကြားထဲမှာ လွှတ်တော်ကို ဘာလို့တောင်းနေတော့မှာလဲဆိုတဲ့ သဘောထားမျိုးတွေပေါ်နေသလား၊ သို့မဟုတ် ဒီလွှတ်တော်ဟာ လက်နက်တခုပဲ၊ တောင်းဆိုချက်တခုပဲ၊ အင်အားတခုပဲလို့ သဘောထားရမယ်။"

စီအာပီပီကို ၁၉၉၈ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး အဓိကရည်ရွယ်ချက်က ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်အတိုင်း လွှတ်တော်ခေါ်နိုင်ဖို့ဖြစ်ပါတယ်။ အခုလက်ရှိ အဖွဲ့ဝင်တွေထဲက ဥက္ကဋ္ဌဦးအောင်ရွှေနဲ့ အဖွဲ့ဝင် ဦးလွန်းတင် ဦးလွင်တို့က ကျန်းမာရေးမကောင်းဖြစ်နေပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးနဲ့ဦးကျော်မင်းတို့က ဖမ်းဆီးထောင်ချခံနေရပါတယ်။

ကျန်ရှိသူတွေက အတွင်းရေးမှူးဦးအေးသာအောင်၊ အဖွဲ့ဝင်တွေက ဇိုမီးအမျိုးသားများကွန်ကရက် ဥက္ကဋ္ဌပုကျင်ရှင်းထန်၊ မွန်အမျိုးသား ဒီမိုကရက်တစ်တပ်ဦးကနိုင်ထွန်းသိန်း၊ ဒီမိုကရေစီပါတီက ဦးစိုးဝင်း၊ အန်အယ်လ်ဒီပါတီမှ ဦးသန်းထွန်း၊ ဦးညွှန့်ဝေ၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးဝင်းတင်နဲ့ ဦးခင်မောင်ဆွေတို့ဖြစ်ပါတယ်။

# ရန်ကုန်တွင် ဗုံးပေါက်ကွဲမှု ၆ ကြိမ်ဖြစ်

**NEJ။ စက်တင်ဘာ ၁၇။** ။ ရန်ကုန်မြို့တွင် အချိန် ၂ နာရီခန့်အတွင်း ဗုံးပေါက်ကွဲမှု ၆ ခု ဆက်တိုက်ဖြစ်ပွားကြောင်း ရန်ကုန်မြို့ခံများထံမှ သိရှိရပါတယ်။ ပေါက်ကွဲမှုဖြစ်ပွားရာနေရာများမှာ လှိုင်သာယာမြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ရှိ စက်မှုဇုံများတွင်ဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်တဦးကပြောပါတယ်။

ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး လှိုင်သာယာမြို့နယ်ရဲစခန်းကို ဆက်သွယ်မေးမြန်းရာ တာဝန်ကျရဲအရာရှိတဦးက ဟုတ်မှန်ကြောင်း အတည်ပြုပြောကြားပါတယ်။ "ပေါက်ကွဲမှုတွေဖြစ်တယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ချိန်ကိုက်အသေးစားဗုံးလေးတွေပါ။ ထိခိုက်ဒဏ်ရာရတာတော့မရှိဘူး။" လို့ အဆိုပါရဲအရာရှိကပြောပါတယ်။

လှိုင်သာယာမြို့နယ် စက်မှုဇုံအမှတ် ၃ ရှိ ပုဂ္ဂလိက ကားဝင်းနှင့် ကားနှင့်ဆက်စပ်ပစ္စည်းများ သိုလှောင်ရာဝင်းတို့တွင် စက်တင်ဘာ ၁၆ ရက်နေ့ ၁၁ နာရီ ၅၀ မိနစ်ခန့်နှင့် ည ၁၂ နာရီခန့်တို့တွင် ဆက်တိုက်ပေါက်ကွဲကြောင်း၊ ထိုအချိန်၌ပင် ရွှေပေါက်ကံစက်မှုဇုံရှိ ဂျုံနာအထည်ချုပ်စက်ရုံဝင်းအတွင်းတွင်လည်း စက်တင်ဘာ ၁၇ ရက်နေ့အကူး ည ၁၂ နာရီခွဲကျော်တွင် ပေါက်ကွဲမှုဖြစ်ကြောင်း၊ လှိုင်သာယာရဲစခန်းနှင့် ရွှေပေါက်ကံရဲစခန်းမှတ်တမ်းများအရ သိရှိရပါတယ်။

"ပေါက်ကွဲမှုကြောင့် ကျနော်တို့စက်ရုံက ဘယ်သူမှထိခိုက်မှုဖြစ်တာမရှိဘူး။ ကျနော်တို့ထင်တာက ထရန်စဖော်မာပေါက်တာထင်လို့ လျှပ်စစ်ကိုအကြောင်းကြားတာ၊ သူတို့တွေလာမှဗုံးမှန်းသိရတာပါ။ ပေါက်ကွဲတဲ့နေရာအနီးမှာတော့ စက်ရုံနံရံကိုထိသွားတယ်၊ ပြိုကျသွားတယ်။" လို့ ရွှေပေါက်ကံစက်မှုဇုံ ဂျုံနာအထည်စက်ရုံဝန်ထမ်းတဦးက ပြောပါတယ်။

ထို့အပြင် လှိုင်သာယာစက်မှုဇုံရှိ ပုဂ္ဂလိကသစ်အချောထည်စက်ရုံ ဘေးလမ်းနှင့် အမှတ် ၅ ရဲကင်းဘေးလမ်းတို့တွင်လည်း ပေါက်ကွဲမှုတချိန်တည်းဖြစ်ခဲ့ကြောင်း၊ နောက်ဆုံးပေါက်ကွဲသောဗုံးမှာ စက်တင်ဘာ ၁၇ ရက် ဒီကနေ့နံနက် ၁ နာရီခွဲမှာ အိုင်အဲန်ဂျီအိုတခု၏ရုံးခန်းဘေးတွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း သတင်းရရှိပါတယ်။

လှိုင်သာယာစက်မှုဇုံရဲ့တာဝန်ရှိသူက အဆိုပါဗုံးကွဲမှုများအပေါ် အစိုးရက သံသယဖြစ်ဖွယ်လူများကို လိုက်လံစစ်ဆေးနေပြီဖြစ်ကြောင်း ပြောပါတယ်။ "ဘယ်သူ့လက်ချက်လည်းဆိုတာတော့ လောလောဆယ်မသိရသေးဘူး။ စက်မှုဇုံတွေကိုမှ ဘာလို့ဒီလိုလုပ်တယ်ဆိုတာကို ကျနော်တို့လည်းစဉ်းစားနေတယ်။" လို့ စက်မှုဇုံစီမံခန့်ခွဲရေးလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်သူအကြီးအကဲတဦးက ပြောပါတယ်။

# ဗကသနဲ့ ၈၈ မျိုးဆက်တို့ ရွှေဝါရောင်တော်လှန်ရေး ၂ နှစ်ပြည့်ကြေညာချက်ထုတ်

**DVB ၊ စက်တင်ဘာ ၁၄ ။** ။ စစ်အာဏာရှင်စနစ်ရဲ့ အဆိုးဝါးဆုံး အကြမ်းဖက်မှုအဖြစ် မှတ်တမ်းတင်ရမယ့် စက်တင်ဘာ ရွှေဝါရောင် သံဃာ့အရေးအခင်းဟာ မကြာခင် ၂ နှစ် ပြည့်တော့မှာဖြစ်ပါတယ်။

အဲဒီတုန်းက ကျဆုံးသွားခဲ့တဲ့ သံဃာတော်တွေနဲ့ ပြည်သူလူထု၊ ကျောင်းသားတွေရဲ့ဆန္ဒတွေကို ကျန်ရှိနေတဲ့ သံဃာတော်တွေနဲ့လက်တွဲပူပေါင်းပြီး ဆက်လက်အကောင်အထည် ဖော်သွားမယ်လို့ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့နဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့က ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တိမ်ရှောင်နေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကိုထွန်းမြင့်အောင်က ပြောပါတယ်။

“ရဟန်းသံဃာတွေ ဦးဆောင်တဲ့ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး ၂ နှစ် ပြည့်ပြီ ဖြစ်သော်လည်း ရဟန်းသံဃာတွေဟာ အကျဉ်းထောင်အသီးသီးမှာ ထောင်ဒဏ်တွေ ကျခံနေရပြီး ဘုန်းကြီးကျောင်း၊ စာသင်တိုက်တွေမှာ နအဖစစ်အာဏာပိုင်များရဲ့စောင့်ကြည့်ခြင်းကိုခံနေရပြီး ကျဉ်းထဲကျပ်ထဲကနေ ဒါယကာ၊ ဒါယကာမတွေရဲ့အကျိုးစီးပွားအတွက် ကြံ့ကြံ့ခံပြီး ယနေ့အထိလှုပ်ရှားနေတယ်။ အဲ့ဒီအတွက် ကျနော်တို့ ၈၈ မျိုးဆက်ကျောင်းသားတွေအနေနဲ့ ရဟန်းသံဃာတွေ ဦးဆောင်လှုပ်ရှားမှုမှာ အားဖြည့်အင်ဖြည့် လက်တွဲညီညီပါဝင်မယ်ဆိုတာကို အသိပေးအကြောင်းကြားတဲ့ အနေနဲ့ ဒီနေ့ကြေညာချက်ကို ထုတ်ရခြင်းဖြစ်ပါတယ်။”

စစ်အုပ်စုအနေနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထားတဲ့သံဃာတော်တွေနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးပြီး တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ တိုက်တွန်းတောင်းဆိုတယ်လို့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က မသစ္စာအောင်ကပြောပါတယ်။

“ကျမတို့ နိုင်ငံမှာ ပြဿနာတခုပေါ်လာတိုင်း လက်နက်အားကိုး အသုံးပြုနေမယ်ဆိုရင် ပြေလည်သွားမှာမဟုတ်ဘူး။ အဲ့ဒီအတွက် ငြိမ်းချမ်းစွာဖြေရှင်းဖို့ တိုက်တွန်းချင်ပါတယ်။ အာဏာရှင်စနစ်ချုပ်ငြိမ်းဖို့ ဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံကနေ တဆင့်သွားမယ့် ၂၀၁၀ ရွေးကောက်ပွဲဟာ စစ်အာဏာရှင်စနစ်အတွက်ကို အသက်ဆက်ဖို့၊ အာဏာရှင်တရပ်ပေါ်ပေါက်လာဖို့ ကြိုတင် အကွက်ချထားတဲ့ စီမံမှုပါ။ ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝမထောက်ခံပါဘူး။ ဆန့်ကျင်ပါတယ်။ အဲ့ဒီအတွက် ၂၀၀၈ ဖွဲ့စည်းပုံကို အသစ်ပြန်လည်ရေးဆွဲပေးပါ။ ဖမ်းဆီးချုပ်နှောင်ထားတဲ့ သံဃာတော်တွေ၊ သီလရှင်တွေ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးပါ။ တိုင်းရင်းသား ကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးရေးတွေ လုပ်ပေးပါလို့ ကျမတို့ကတောင်းဆိုတယ်။”

၂၀၀၇ ခုနှစ် စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးအရေးအခင်းတုန်းက သံဃာတော်တွေရဲ့ ဦးဆောင်မှုအောက်မှာ ကျောင်းသားပြည်သူလူထုတွေရဲ့ အင်အားဟာ မထင်မှတ်လောက်အောင် ပါဝင်ခဲ့ပြီး လာမယ့် လှုပ်ရှားမှု အတွက် အဲဒီတုန်းက အားနည်းချက် အားသာချက်တွေကို အထူးဂရုပြုရမယ်လို့ မသစ္စာအောင်က ပြောပါတယ်။

၂၀၀၇ ခုနှစ် သံဃာ့အရေးအခင်းမှာ သံဃာတော်တွေ ငြိမ်းချမ်းစွာ မေတ္တာပို့လမ်းလျှောက်မှုကို စစ်အုပ်စုက အကြမ်းဖက်နှိမ်နင်းခဲ့ပြီး ဖမ်းဆီးထောင်ချခဲ့ပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်း စုအဖွဲ့က မတရားဖမ်းဆီးအကျဉ်းချထားတဲ့ သံဃာတော်တွေကို ပြန်လွှတ်ပေးဖို့နဲ့ သံဃာတော်တွေကို နှိပ်စက်သတ်ဖြတ်ခဲ့မှုအပေါ် စစ်အုပ်စုက ဝန်ချတောင်းပန်ဖို့ ဒါကို မလိုက်နာရင် လာမယ့်သီတင်းကျွတ်လပြည့်နေ့မှာ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်မယ်လို့ ကြေညာထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီရက်ပိုင်းအတွင်း သံဃာတော်တချို့ ဖမ်းဆီးခံရတာတွေ ရှိနေသလို၊ သံဃာတော်တွေနဲ့ ဘုန်းကြီးကျောင်းတွေကို စစ်အုပ်စုက တင်းတင်းကျပ်ကျပ်စောင့်ကြည့်စစ်ဆေးမှုတွေပြုလုပ်နေပါတယ်။

# တာချီလိတ်မြို့နေ ကိုးကန့်ထံမှ စိတ်ကြွဆေးပြား နှစ်သိန်းကျော် ဖမ်းဆီးရမိ

**DVB ၊ စက်တင်ဘာ ၁၃ ။** ။ သောကြာနေ့ညပိုင်းက တာချီလိတ်မြို့ ပါလျံ့အပိုင်း ၁ ရက်ကွက်က ကိုးကန့်လူမျိုးပိုင် အိမ်တအိမ်ကနေ စိတ်ကြွဆေးပြား နှစ်သိန်းကျော်၊ လက်ပစ်ဗုံးတစ်လုံးနဲ့ ကျည်ဆံတရာကျော်ကို ဖမ်းဆီးရမိတယ်လို့ အာဏာပိုင်တွေနဲ့ နီးစပ်တဲ့ မြို့ခံတွေက ပြောကြပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ညနေပိုင်းက တာချီလိတ်မြို့ ပါလျံ့အပိုင်း ၁ ရက်ကွက်က ကိုးကန့်လူမျိုးဦးအိုက်ကျိုင်းနေအိမ်ကို နယ်မြေခံရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေရာ နေအိမ်ရဲ့အိမ်သာခန်းအတွင်း လျှို့ဝှက်ပြုလုပ်ထားတဲ့အခန်းမှ စိတ်ကြွဆေးပြား ၂၆၃,၂၀၀ ကာလာတန်ကြေး ကျပ်သိန်းပေါင်း ၇၈၉၆ သိန်းနဲ့ လက်ပစ်ဗုံးတလုံး ကျည်ဆံတရာကျော်နဲ့အတူ တရုတ်ယွမ်ငွေ ၄၈၇၀၊ ထိုင်းဘတ်ငွေ ၂၈၁၇၀ ကို ဖမ်းဆီးရမိခဲ့တယ်လို့ တာချီလိတ်မြို့နယ် အာဏာပိုင်တွေနဲ့နီးစပ်တဲ့ မြို့ခံတွေက ပြောကြပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြို့ခံတဦးက ပြောပါတယ်။

“အိမ်ကို ရှာလိုက်တဲ့အချိန် အိမ်သာရဲ့ဘေးနားမှာ ကြွင်းတူးအခန်းလေးလုပ်ပြီး အထဲမှာမြှုပ်ထားတာပေါ့။ ဆေးလုံးက ၂၆၃,၂၀၀ ဖြစ်ပါတယ်။ လက်ပစ်ဗုံးတလုံး၊ ကျည်ဆံအတောင့် ၁ ရာကျော်လောက်ပါတယ်။”

အိမ်ရှင် ဦးအိုက်ကျိုင်းက အဲဒီနေ့ကတည်းက လွတ်မြောက်ခဲ့ပေမယ့် တာချီလိတ်မြို့ရဲတပ်ဖွဲ့က ဦးအိုက်ကျိုင်းရဲ့ဇနီး ဒေါ်ရှောက်မယ်နဲ့အတူ အခြားအမျိုးသမီး ၃ ဦးကိုတော့ ဖမ်းဆီးရမိခဲ့တယ်လို့ အာဏာပိုင်တွေနဲ့နီးစပ်တဲ့ အဆိုပါမြို့ခံကပဲ ပြောပါတယ်။ တာချီလိတ်ခရိုင် မြို့နယ်ရဲတပ်ဖွဲ့ကို ဆက်သွယ်ခဲ့ပေမယ့် ပြန်လည် မဖြေကြားခဲ့ပါဘူး။ အခြားမြို့ခံတဦးကတော့ အခုရက်ပိုင်းမှာ စိတ်ကြွဆေးပြား ဖမ်းဆီးရမိတာတွေဟာ ပိုများလာတယ်လို့ အခုလို ပြောပါတယ်။

“အခုအနေအထားကတော့ ပိုပြီးတော့ များတာပေါ့။ အရင်တုန်းက ဒီလောက် မစိပ်ဘူး၊ အခုတလော တော်တော်စိပ်လာတယ်။ သတင်းပေးတွေအရ မိတဲ့အပိုင်းလေးတွေ ရှိပါတယ်။ မူးယစ်က သတင်းပေးတဲ့ လူတွေရဲ့အနေထားကြောင့် မိတာလည်းရှိတယ်။”

ကိုးကန့်ခေါင်းဆောင် ဦးဖုန်းကြားရှင်တို့အဖွဲ့ကို နအဖစစ်အုပ်စုက မူးယစ်ဆေးဝါးနဲ့ စိတ်ကြွဆေးပြား ထုတ်လုပ်တယ်လို့ စွပ်စွဲပြီးနောက်ပိုင်း တာချီလိတ်မြို့မှာရှိတဲ့ ကိုးကန့်လူမျိုးနဲ့ ၎င်းတို့နဲ့ပတ်သက်တဲ့သူတွေကိုလည်းစောင့်ကြည့် စစ်ဆေးတာတွေရှိလာတယ်လို့ ပြောကြပါတယ်။ အခုရက်ပိုင်းမှာ ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြားတွေဟာ ကိုးကန့်လူမျိုးနဲ့၎င်းတို့နဲ့ပတ်သက်သူတွေဆီကဖြစ်တယ်လို့ အာဏာပိုင်တွေနဲ့နီးစပ်တဲ့ မြို့ခံက ပြောပါတယ်။

“တာချီလိတ်မှာရှိတဲ့ ကိုးကန့်နဲ့ပတ်သက်တဲ့လူတွေကို လိုက်ပြီးတော့ ရှာဖွေစစ်ဆေးနေကြတယ် ကိုးကန့်ကိစ္စပေါ့နော်။ ၃ ရက်လောက်အချိန်က ဖမ်းလိုက်တဲ့ ပေါက်အဖွဲ့ကလည်း ကိုးကန့်တရုတ်လူတွေကြီးပဲ။ တာချီလိတ်မှာ ဆဲဗင်းစတားဆိုတဲ့ တည်းခိုခန်း တခုရှိတယ်။ ဆဲဗင်းစတားက တချိန်တုန်းက ကိုးကန့်အဖွဲ့တွေလာပြီး နားနေကြတဲ့ နေရာပေါ့။ မနေ့က ထောက်လှမ်းရေးတွေလာပြီး ဓာတ်ပုံတွေ ရိုက်ပြီးတော့ အမေးအမြန်းလုပ်တယ်လို့ ကြားတာပဲ။”

# အဖွဲ့ချုပ်မှ အမျိုးသမီးနှင့် လူငယ်လုပ်ငန်း ဖော်ဆောင်ရေး ကြိုးပမ်း

**DVB। စက်တင်ဘာ ၁၅॥** ॥ မန္တလေးတိုင်း မတ္တရာမြို့နယ် အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်က ဒီနေ့လပတ်ပုံမှန် အစည်းအဝေးပြုလုပ်ပြီး ရပ်ကျေးစည်းရုံးရေး နဲ့အမျိုးသမီးလုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးကိစ္စတွေ ဆောင်ရွက်ခဲ့ကြတယ်လို့ မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောပါတယ်။

အဖွဲ့ချုပ်ဗဟိုရဲ့ ညွှန်ကြားချက်အရ စည်းရုံးရေးလုပ်ငန်းတွေ ပြန်လည်စတင်ရတာလို့ ဦးခင်မောင်သန်းက ပြောပါတယ်။

"ဗဟိုက ဝင်စာ ၂ စောင်ဝင်တယ်။ ဗဟိုလုပ်ငန်းအဖွဲ့ဝင် အမျိုးသမီးဖွဲ့စည်းတယ်ဆိုတာရယ်၊ ရပ်ကျေးတွေ မြို့နယ်၊ တိုင်းနဲ့ပြည်နယ်ဖွဲ့ဖို့ ဖွဲ့စည်းပုံညွှန်ကြားချက် ၂ ချက်ရောက်လာတယ်။ ဒါကို ကျနော်တို့ အဓိပ္ပာယ်ရှင်းလင်းညှိနှိုင်းပြီး ဖော်ထုတ်ဖို့အတွက် တာဝန်ပေးနေကြတာတွေပဲ။ အမျိုးသမီးလုပ်ငန်းဖော်ထုတ်ရေးအတွက် ညှိနှိုင်းတိုင်ပင်ပြီး ကြိုတင်ပြင်ဆင်ဖို့အတွက် တာဝန်တွေပေးလိုက်တယ်ဆိုတာ အမျိုးသမီးတွေကို ပြန်လည်စည်းရုံးပြီး ဒေသအလိုက်မြို့နယ်စည်းတွေနဲ့ အခြေခံမှာရှိတဲ့ ရပ်ကျေးတာဝန်ခံတွေက ကိုယ့်ဒေသနဲ့ကိုယ် အများဆုံး သက်ဆိုင်ရာအခြေခံမှာရှိတဲ့ အမျိုးသမီးတွေကို အင်တိုက်အားတိုက်ဖြစ်နိုင်အောင်အတွက် အတတ်နိုင်ဆုံးကြိုးစားပြီး စည်းရုံးသိမ်းသွင်းကြဖို့ တာဝန်တွေ ပေးလိုက်ပါတယ်။"

အရင်က လူငယ်နဲ့အမျိုးသမီးလုပ်ငန်းအဖွဲ့တွေ ရှိထားပြီးဖြစ်ပေမယ့် စနစ်တကျ ဖွဲ့စည်းထားတာ မဟုတ်တဲ့အပြင် အခက်အခဲတွေကြောင့် လုပ်ငန်းဖော်ဆောင်ရေးကို အင်အားအပြည့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘူးလို့ ဦးခင်မောင်သန်းက ပြောပါတယ်။ ဒါ့အပြင် မြို့နယ်အဖွဲ့ချုပ်ရုံးကိုလည်း အာဏာပိုင်တွေက ချိတ်ပိတ်ထားတဲ့အတွက် လပတ်အစည်းအဝေးကို ဖမ်းဆီးထောင်ချခံနေရတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်ရဲ့နေအိမ်မှာ ကျင်းပနေတာဖြစ်တယ်လို့ ဦးခင်မောင်သန်းက ပြောပါတယ်။

တနင်္သာရီတိုင်း ပလောမြို့နယ်အဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့က ဒီနေ့လပတ်အစည်းအဝေး ပြုလုပ်ခဲ့ပြီး လစဉ် ၁၅ ရက်နေ့တိုင်း လုပ်နေတဲ့ အစည်းအဝေးကို မြို့နယ်အဖွဲ့ချုပ် စည်းအဖွဲ့ဝင်တွေရဲ့ အိမ်တွေမှာ အလှည့်ကျပြုလုပ်နေတာဖြစ်တဲ့အတွက် လုပ်ငန်းတွေကို စနစ်တကျ မဆောင်ရွက်နိုင်ဘူးလို့ မြို့နယ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ–ဦးကြင်ရွှေက ပြောပါတယ်၊ ပလောမြို့နယ် အဖွဲ့ချုပ်လူငယ်နဲ့ အမျိုးသမီးလုပ်ငန်းအဖွဲ့ ပြန်လည်ဖော်ဆောင်ရေးအစီစဉ်နဲ့ပတ်သက်ပြီး ဦးကြင်ရွှေက ပြောပါတယ်။

"လူငယ်တွေ ဖွဲ့စည်းထားတယ်ဆိုပေမယ့် အနှောင့်အယှက်တော့ ခံနေရတာပေါ့။ တချို့လူငယ်တွေက အတွေ့ကြုံနည်းသေးတော့ သူတို့က ခြိမ်းခြောက်တာပေါ့၊ လူငယ် မိဘတွေကလည်း စိုးရိမ်တာပေါ့၊ အဲ့ဒီအခက်အခဲတခုပဲရှိတယ်၊ အမျိုးသမီးအဖွဲ့က ဒီမှာ ကျနော်ဖွဲ့တော့ ဖွဲ့ထားတာပဲ၊ နောက်တပတ်လောက်မှဗဟိုက အမျိုးသမီးတယောက်ရယ်၊ တိုင်းထဲက သင်တန်းတက်ထားတဲ့တယောက်ရယ်၊ ၂ ယောက် အဲ့ဒါ လာဖွဲ့မယ်လေ။"

မကွေးတိုင်းအတွင်းက အမျိုးသမီးလုပ်ငန်းအဖွဲ့အခြေအနေနဲ့ ပတ်သက်ပြီး တိုင်းအဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်စောဌေးကပြောပါတယ်။

"အန်တီတို့ အမျိုးသမီးနဲ့ မြို့နယ်စည်းတွေ လှုပ်ရှားမှုတွေက ဟန်ချက်ညီညီလှုပ်ရှားနေတာပဲ။ စည်းရုံးရေးဆိုတာက အခြေအနေအချိန်အခါလိုက်ပြီး စည်းရုံးထားပါတယ်။ အန်တီတို့က အခုလို စည်းရုံးရေးပြောကာမှ စည်းရုံးနေတာမျိုးမဟုတ်ဘူး။ အစောကြီးကတည်းက စည်းရုံးရေးကို တိုးပြီးလုပ်နေတယ်။ NLD အဖွဲ့က တရားဝင်ပါတီဖြစ်ပေမယ့် ဒီအထဲကို တရားဝင် ဝင်ဖို့ဆိုတာ လူတွေက အင်မတန်ကြောက်ကြတယ်။ အစိုးရက အမျိုးမျိုး ဒုက္ခပေးနေတာကိုး။ ဒါကြောင့်မို့ အန်တီတို့က တရားဝင် ဘယ်မြို့က အမျိုးသမီးတွေပါ၊ လူငယ်တွေက ဘယ်သူပါဆိုတာ အခုချိန်မှာ အထက်ကို မတင်ပြနိုင်ဘူး။ သို့သော် အန်တီတို့မှာ ကျစ်လစ်ခိုင်မာတဲ့အဖွဲ့အစည်းရှိပါတယ်။ အဓိက ဗဟိုရဲ့ ဦးဆောင်မှုအောက်မှာပဲ အန်တီတို့ လှုပ်ရှားတာပါပဲ။"

ရှမ်းပြည်နယ်ဘက်မှာ လူငယ်နဲ့ အမျိုးသမီးအဖွဲ့ ပြန်လည် ဖွဲ့စည်းရေးကိစ္စဆောင်ရွက်ဖို့ အခက်အခဲတွေရှိနေပြီး အဖွဲ့ဝင်ဟောင်းတွေကို ပြန်လည်စည်းရုံးလို့မရတဲ့ အနေအထားဖြစ်နေတယ်လို့ တောင်ကြီးမြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းငွေက ပြောပါတယ်။

"အန်အယ်လ်ဒီဆိုရင် နှောင့်ယှက်တဲ့လူများတယ်။ ဆိုလိုတာက SB၊ ရဲ၊ ထောက်လှမ်းရေး အကုန်လုံး အန်အယ်လ်ဒီလို့ ပြောလိုက်တာနဲ့ သူတို့နောက်တကောက်ကောက် လိုက်တော့တာပဲ၊ ခြိမ်းခြောက်တော့တာပဲ၊ ရှမ်းပြည်ဘက်က ရှင်းရှင်းပြောရရင် တက်ကြွသူတော်တော်ကို လျော့တယ်။ ဒါပေမဲ့ မရှိဘူးလားဆိုတော့ ရှိတယ်၊ အချိန်အခါစောင့်ပြီး သူတို့က ထွက်မယ်၊ လူသိမခံချင်ဘူးပေါ့။ ဒီမှာအင်အားတွေရှိတယ်ပေါ့ ဆိုတာမျိုးတော့ မပြောဘူး၊ ဒါပေမယ့် တကယ်တမ်းလိုလာပြီပေါ့ဆိုရင် ထွက်မယ်။"

# ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆင်း

**DVB। စက်တင်ဘာ ၁၅॥** ॥ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက နိုင်ငံရေးပါတီတခုအနေနဲ့ဝင်ပြိုင်ဖို့ အလားအလာရှိနေပြီး ဗဟိုအလုပ်အမှုဆောင်လူကြီးတွေဖြစ်တဲ့ အစိုးရအဖွဲ့ဝန်ကြီးတွေလည်း စည်းရုံးရေးဆင်းတဲ့အခါ စည်းရုံးရေးဆွေးနွေးပွဲတွေကို ဒေသခံတွေကို အတင်းအကျပ်တက်ခိုင်းတာနေပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း တွဲဘက်အထွေထွေအတွင်းရေးမှူး အမှတ် ၁ လျှပ်စစ်ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းရဲ့ မကွေးတိုင်း စည်းရုံးရေးခရီးစဉ်မှာ ဒေသခံတွေကို စည်းရုံးရေး ဆွေးနွေးပွဲတွေကို အတင်းအကျပ် တက်ခိုင်းတယ်လို့ ဒေသခံတွေက ပြောပါတယ်၊ ဗိုလ်မှူးကြီးဇော်မင်းရဲ့ လူထုအစည်းအဝေးကို မတက်ရင် ကျေးရွာအာဏာပိုင်တွေက ပြင်းထန်စွာအရေးယူမယ်လို့ ခြိမ်းခြောက်ကြောင်း မြို့သစ်မြို့နယ်က ဒေသခံတဦးကပြောပါတယ်၊ အဲဒီအစည်းအဝေးမှာ ဗိုလ်မှူးကြီးဇော်မင်းက နယ်မြေခံလူထုနဲ့ တွေ့ရအောင်၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးချင်လို့ လာတာပါလို့ပြောပေမယ့် ၂၀၁၀ ရွေးကောက်ပွဲကိုပဲ အဓိကထားပြောသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်၊ ဗိုလ်မှူးကြီးဇော်မင်းက ၂၀၁၀ ရွေးကောက်ပွဲကို ဖျက်ဆီးမယ့်သူရှိရင်လည်း ပြင်းထန်စွာအရေးယူမယ်လို့ ခြိမ်းခြောက်ပြောဆိုခဲ့တယ်လို့ အဲဒီ ဒေသခံကပဲ ပြောပါတယ်။

"၂၀၁၀ ရွေးကောက်ပွဲကို ဖျက်ဆီးမယ့်သူရှိရင် လည်မျိုကိုနင်း၊ တုတ်နဲ့ရိုက်ပြီး မြောင်းထဲပစ်ချမယ်လို့ ဗိုလ်မှူးဇော်မင်းက သူကိုယ်တိုင်ပြောတယ်။"

ရန်ကုန်မြို့အခြေစိုက် ပြည်သူ့အကျိုးပြုပါတီ ဖြစ်မြောက်ရေးလုပ်ငန်းဖော်ဆောင်မှုကော်မတီမှ ဦးသိန်းတင်အောင်က ကြံ့ခိုင်ရေး ဗဟိုအလုပ်အမှုဆောင်တွေဖြစ်တဲ့ အစိုးရအဖွဲ့ကဝန်ကြီးတွေ စည်းရုံးရေးဆင်းတာဟာ ရွေးကောက်ပွဲအတွက်လုပ်နေတာမဟုတ်ဘူး၊ အစိုးရဝန်ကြီးတဦးနေနဲ့ ပြည်သူတွေအတွက်လုပ်တာဖြစ်လို့ ပြည်သူ အကျိုးရှိစေတယ်လို့သုံးသပ်ပါတယ်၊ စစ်ကိုင်းမြို့မှာတော့ ကြံ့ခိုင်ရေးအဖွဲ့က ဦးဆောင်ပြီး နာမည်ကြီးဘုန်းတော်ကြီးတွေနဲ့ တရားပွဲတွေလုပ်နေတယ်၊ နယ်တွေမှာတော့ ကြံ့ခိုင်ရေးအဖွဲ့နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တစည်းတို့ ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆင်းနေတယ်လို့ စစ်ကိုင်းမြို့ခံတဦးက ပြောပါတယ်။

"ဟိုတနေ့က ညတရားပွဲ ၅ ပွဲ လုပ်တယ်။ စစ်ကိုင်းမြို့စွန် ရွှေမင်းဝံရပ်ကွက်ထဲမှာလုပ်တာ။ ရွာတွေသွားပြီး ပေါ်ပေါ်တင်တင်မဟုတ်ပေမယ့် ကိုယ့်လူနဲ့ကိုယ် စည်းရုံးရေးဆင်းတာတွေရှိတယ်။"

# လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲခြင်းဖြစ်စဉ်

## အပိုင်း–၅

ခင်မမမျိုး

**ယခင်လပတ်မှအဆက်**

ကြက်ခေါင်းဆိတ်မခံ လိုက်ထိုးနှက်တတ်တယ်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်လုပ်ငန်းဆောင်တာဆိုတာ မရှိတော့ဘူး။ ကိုးကွယ်သူရဲ့ဆုံးဖြတ်ချက်၊ အတွေးအခေါ်၊ လုပ်ငန်းဆောင်တာကိုဘဲ အတည်ပြုတယ်၊ အကောင်အထည်ဖော်တယ်။

ဒီလိုအခြေအနေမျိုးက စီးပွားရေး၊ လူမှုဆက်ဆံရေးမှာဆိုရင်တောင် လောင်းရိပ်မိနေတတ်တယ်။ မိသားစုရေးမှာတောင် သားသမီးက မိဘကိုကိုးကွယ်မှုလွန်ကဲနေရင် မိဘမရှိချိန်မှာ မလုပ်တတ် မကိုင်တတ်နဲ့ မိဘလက်ငုတ်လက်ရင်း စီပွားရေးကိုတောင် ဆက်မထိန်းနိုင်ဖြစ်တတ်တယ်။ လူဆိုတာ အသက်အရွယ်အရ ရင့်ကျက်လာရတယ်။ ငယ်စဉ်ကာမှာ "ငါ့ဖေဖေဘဲ တော်တယ်၊ တတ်တယ်" ဖြစ်တတ်တာ သဘာဝပေမယ့် အရွယ်ရောက်လာချိန်မှာ ငါ့အဖေက ဘယ်နေရာမှာတော်တယ်၊ ဘယ်နေရာမှာချော်တယ်၊ ဘယ်နေရာမှာ အားသာချက်ရှိတယ်၊ ဘယ်နေရာမှာအားနည်းချက်ရှိတယ်၊ မှန်တယ် မှားတယ်ဆိုတာ သုံးသပ်ရတော့တယ်။

သူပြောတဲ့စကားတွေထဲက ဘယ်စကားကိုဆောင်ရမယ်၊ ဘယ်စကားကိုပယ်ရမယ်ဆိုတာကိုလည်း လက်ရှိအခြေအနေနဲ့ကိုက်ညှိပြီး စဉ်းစားရတော့မှာဖြစ်တယ်။ ဒီလိုဆိုလိုဒါဟာ မလေးစားတာမဟုတ်ဘူး၊ ဖခင်အနေနဲ့လေးစားမှုက သပ်သပ်၊ သူ့အပြော သူ့လုပ်ရပ်ကို သုံးသပ်လေ့လာမှုက သပ်သပ်ဖြစ်တယ်။ ဒီလိုမဟုတ်ဘဲ မျက်ကန်းကိုးကွယ်မှုလုပ်ရင် ကိုယ့်ဘဝ ကိုယ့်အခြေအနေနဲ့ မကိုက်ညီတဲ့လိုက်နာဆောင်ရွက်မှုတွေ ဖြစ်လာတတ်တယ်။ ဒါက လူတယောက် ဘဝရေးရာတွေမှာတင်ဖြစ်တယ်။

လူတယောက်ဘဝရေးရာမှာတောင် ဒီလောက်အရေးကြီးရင် နိုင်ငံတခုကံကြမ္မာမှာကျတော့ ပိုဆိုးတယ်။ ခေါင်းဆောင်ဆိုတာ လေးစားရမယ့်လူသားတွေဖြစ်တယ်။ ဒါပေမယ့် ကိုးကွယ်ပြီး ထိုင်ကန်တော့နေရမယ့် လူတွေမဟုတ်ဘူး။ ပြောသမျှ ကိုယ့်စိတ်ကပါပါ မပါပါ ခေါင်းညိမ့်လက်ခံနေရမယ့် သူတွေမဟုတ်ဘူး။ သူဆိုထားသမျှ လိုက်နာဖော်ဆောင်ရမယ်မဟုတ်ဘူး။ သူ့နှုတ်ထွက်စကားမှန်သမျှ အမိန့်မဟုတ်ဘူး။

လက်တွေ့အခြေအနေနဲ့ကိုက်ညီသလား၊ ဖြစ်နိုင်ချေရှိသလားဆိုတာ သုံးသပ်ရမယ်။ ပြန်လှန်ဆွေးနွေးမှုလုပ်ရမယ်။ တခြားဖြစ်နိုင်ချေတွေကိုစဉ်းစားရမယ်။ ဝေဖန်ဆွေးနွေးရမယ်။ အမြင်ကို ပွင့်ပွင့်လင်းလင်းတင်ပြရမယ်။ အဲလိုမဟုတ်ဘဲ ခေါင်းဆောင်ကြီးဆိုပြီး ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတွေဟာ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ကို နှောင့်နှေးစေတတ်တယ်။ တခုက ဒီလိုကိုးကွယ်ခံရသူတွေ မရှိတော့တဲ့အခါဖြစ်စဉ်တရပ်လုံး ကသောင်းကနင်းဖြစ်သွားတတ်တာဖြစ်ပြီး နောက်တမျိုးကတော့ "မမှားသောရှေ့နေ မသေသောဆေးသမား" ဆိုသလိုဘဲ သူတို့ရဲ့မှားနေတဲ့ အတွေးအခေါ်၊ လုပ်ရပ်တွေကို လိုက်ပါလုပ်ဆောင်မိတာဖြစ်တယ်။

ဒီလို ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာရေးကို အနှောင့်အယှက်ဖြစ်စေတဲ့ အကြောင်းရင်းတွေကို ကျော်လွှားနိုင်ပြီး democratic consolidatoin အဆင့်ကို ဖြတ်သန်းတဲ့အခါ expansion to post representative democracy ဆိုတဲ့ အဆင့်ကိုရောက်ပါတယ်။ ဒီအဆင့်ကတော့ နိုင်ငံတကာ governance system ကို demodratic reform ဖြစ်ရေးတွေနဲ့ နိုင်ငံတော်အဆင့်မှာ participatory democracy, deliberative democracy တွေကို စမ်းသပ်အကောင်အထည်ဖော်ပြီး representative democracy ကို transcend လုပ်တာဖြစ်ပါတယ်။

### နိဂုံး

အခုဆောင်းပါးမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုသဏ္ဍာန်တွေနဲ့ပတ်သက်ပြီး ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် မစခင်မှာ preconditions တွေအနေနဲ့ စီးပွားရေး၊ လူမှုရေး တိုးတက်မှုတွေ လိုအပ်တယ်ဆိုတဲ့ modernization သီအိုရီနဲ့ လူထုလှုပ်ရှားမှုကနေ Elite တွေပေါ်ထွက်လာပြီး initial democratization စတင်နိုင်မယ့် transitology တို့ကို ဆွေးနွေးထားပါတယ်။

လူထုလှုပ်ရှားမှုနဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်တို့အကြားက ဆက်နွယ်မှုတွေနဲ့ အပြောင်းလဲမှုဖြစ်စဉ်အဆင့်ဆင့်ကို တင်ပြထားသလို ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာမှုကို အနှောင့်အယှက်ဖြစ်စေမယ့် အကြောင်းရင်းတွေကို ထည့်သွင်းဆွေးနွေးထားပါတယ်။ တခြားမှုကွဲသဏ္ဍာန်တခုဖြစ်တဲ့ political liberalization အကြောင်းကိုတော့ လူထုလှုပ်ရှားမှုနဲ့မသက်ဆိုင်တဲ့အတွက် ထည့်သွင်းဆွေးနွေးထားခြင်းမရှိပါဘူး။ political liberalization ကနေ democratic consolidation ကိုကူးပြောင်းရတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုသဏ္ဍာန်ရဲ့ အားသာချက်၊ အားနည်းချက်တွေကို နောက်ထပ်ဆောင်းပါးတခုမှာ ဆက်လက်ဖော်ပြပေးပါမယ်။

---

# ဘုရားသုံးဆူမြို့ ဗုံးတလုံးပေါက်ကွဲ

**DVB ၊ စက်တင်ဘာ ၁၅ ။** ။ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့မှာ မနေ့ညက ဗုံးတလုံးပေါက်ကွဲတယ်ပါတယ်။ ဘုရားသုံးဆူမြို့မဈေးနဲ့နီးတဲ့ မြေစာရင်းရုံးနဲ့ စရဖရုံးကြားမှာ မနေ့ည ၈ နာရီလောက်က ဗုံးတလုံးပေါက်ကွဲခဲ့တာပါ။

ဒီပေါက်ကွဲမှုကြောင့် ကလေးငယ်တဦး ထိခိုက်ဒဏ်ရာရသွားတယ်လို့ ဘုရားသုံးဆူမြို့ခံတဦးက ပြောပါတယ်။ ဒါပေမယ့် ထိခိုက်ဒဏ်ရာရတဲ့ ကလေးဟာ ဘယ်သူဘယ်ဝါဆိုတာ အတိအကျမသိရကြောင်းနဲ့ ဒီပေါက်ကွဲမှုကြောင့် မြို့ခံလူထု အထိတ်တလန့်ဖြစ်သွားရသလို ဘာတွေဆက်ဖြစ်လာမလဲဆိုပြီးတော့လည်း စိုးရိမ်နေကြတယ်လို့ အဲဒီမြို့ခံက ပြောပါတယ်။

"အသံက တော်တော်ကျယ်တယ်။ နောက် ဗုံးဝတွေက အနီးနားက အိမ်တွေကို သွားစင်တယ်။"

ဘုရာသုံးဆူမြို့နယ်မှာ လက်နက်ကိုင်တပ်ဖွဲ့တွေဖြစ်တဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ နအဖတပ်တွေ အခြေချနေထိုင်ကြပါတယ်။ ဒီဖောက်ခွဲမှုဟာ ဘယ်သူ့လက်ချက်ဆိုတာ အတိအကျမသိရသေးပေမယ့် ကေအန်ယူဖောက်ခွဲတာဖြစ်နိုင်တယ်လို့ အဲဒီမြို့ခံက ပြောပါတယ်။

"မဲ့ကသာကို မြန်မာစစ်သားတွေသွားလို့၊ ဒီကေဘီအေ တပ်သွားထိုင်လို့ပေ့ါ။ ဒီကေဘီအေကို ရှေ့က သွားခိုင်းပြီး စစ်တပ်က နောက်ကလိုက်တယ်လေ။ ဒီတော့ ကေအန်ယူက သိပ်မကျေနပ်တော့ဘူး။ ပြန်ဆုတ်လိုက်ရတာကိုး။"

ဒီပြောဆိုချက်နဲ့ပတ်သက်ပြီး ကေအန်ယူက ဒုပလာယာခရိုင် ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးစောထဲနေက ကေအန်ယူလုပ်တာ မဖြစ်နိုင်ကြောင်း၊ နအဖစစ်တပ်အနေနဲ့နယ်စပ်မှာ တပ်အင်အားထပ်ဖြည့်ဖို့အကွက်ဆင်တာ ဖြစ်ကြောင်းပြောပါတယ်။

"ဖောက်ခွဲရေးပစ္စည်းတွေက ဝယ်ရတော့ ဒီလိုမျိုးအလဟဿ ကေအန်ယူက မလုပ်ဘူး။ ဗုံးထောင်တာ ဘာဖြစ်လို့ မလုပ်လဲဆိုတော့ ဒီကေဘီအေက သဘောရိုးနဲ့ တောင်းဝင်တော့ ဒီနေ့အထိ တိုက်ပွဲတွေမဖြစ်သေးဘူး။ လူကြီးတွေက ပစ်မိန့်မပေးသေးဘူး။ နအဖက မြို့ပေါ်မှာ မငြိမ်မသက်ဖြစ်အောင် တမင်ဖန်တီးတာပဲဖြစ်တယ်။"

ဒီလ ၉ ရက်နေ့တုန်းကလည်း ဘုရားသုံးဆူမြို့နဲ့ ၂ ဖာလုံလောက်ဝေးတဲ့ ပြည်သူ့စစ်ဂိတ်တခုမှာ ဗုံး ၂ လုံး ပေါက်ကွဲခဲ့ပါသေးတယ်။ ၁၃ ရက်နေ့ကလည်း ဘုရားသုံးဆူဒေသတဝိုက်မှာ လှုပ်ရှားနေတဲ့ နအဖတပ်တွေကို ကေအန်ယူပျောက်ကျားတပ်ဖွဲ့ဝင်တွေက ခြုံခိုတိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။

# နအဖစိတ်ကြိုက် ၂၀၁၀ ရွေးကောက်ပွဲ အကြို နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပ

**DVB | စက်တင်ဘာ ၁၄ ။** ။ ၂၀၁၀ ရွေးကောက်ပွဲအကြိုနိုင်ငံရေးဆွေးနွေးပွဲတခု ရန်ကုန်မြို့လယ်မှာ ဒီနေ့ကျင်းပခဲ့ကြောင်း သိရပါတယ်၊ ဗဟန်းမြို့နယ် နတ်မောက်လမ်းက စားသောက်ဆိုင်တခုမှာကျင်းပတဲ့ အဲဒီဆွေးနွေးပွဲကို ပရိတ်သတ် ၂၀ ကျော်သာတက်ရောက်ပေမယ့် ဂျာနယ် ၅ ခု၊ ၆ ခု က သတင်းထောက်တွေ တက်ရောက်သတင်းယူခွင့်ရတာက ထူးခြားနေတယ်လို့ အဓိက ဆွေးနွေးတင်ပြသူ ဦးသုဝေက ပြောပါတယ်။

ဒီဆွေးနွေးပွဲကို မျိုးဆက်သစ်လူငယ်အဖွဲ့တခုက စီစဉ်တာဖြစ်ပြီး ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌဦးသုဝေနဲ့ တသီးပုဂ္ဂလ နိုင်ငံရေးသမားဦးဝင်းနိုင်တို့က ၂၀၁၀ အကြိုနိုင်ငံရေး အခြေနေတွေကို လူငယ်တွေသိအောင် တင်ပြဆွေးနွေးတာဖြစ်တယ်လို့ ဦးသုဝေက ပြောပါတယ်။

“ကျနော်ကလည်း ကြိုက်ရာပြောသလို ဦးဝင်းနိုင်ကလည်း သူ့ ယူဆချက်ကို ပြောတာပေါ့။ ကျနော်ပြောတာက နံပါတ် ၁။ လက်ရှိအစိုးရနဲ့ အင်ဒိုနီးရှားက ဂျော့ကာနိုတို့၊ ဆော်ဟာတိုတို့နဲ့ နှိုင်းယှဉ်ပြီး သူတို့ ဘယ်လို အာဏာရလာတယ်၊ ဘယ်လို ပြုတ်သွားတယ်ဆိုပြီး ပြောပါတယ်။ နံပါတ် ၂။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး လက်ရှိအစိုးရက အုပ်ချုပ်လာတာကြာပြီ ဖြစ်တဲ့အတွက် တိုင်းပြည်က ငြီးငွေ့ပြီဖြစ်လို့ အပြောင်းအလဲလိုချင်တဲ့အချိန်မှာ သူတို့က ရွေးကောက်ပွဲ လုပ်ပေးမယ်ပြောတယ်။ ဒါဟာ အခွင့်အရေးတခု၊ တိုင်းပြည်ရဲ့ နိုင်ငံရေးအလှည့်အပြောင်းတခု ဖြစ်တယ်။ ကျနော်တို့ ဝင်ပါလို့ရှိရင် တိုင်းပြည် လူထုအတွက် တစုံတရာလုပ်နိုင်မယ်လို့ ယူဆပြီး ရွေးကောက်ပွဲဝင်ကြရအောင် ပြင်ဆင်ထားတဲ့အကြောင်း ပြောတယ်။”

အသက် ၇၀ ကျော်ရှိနေပြီဖြစ်တဲ့ ဦးသုဝေဟာ ဒီမိုကရေစီပါတီဥက္ကဋ္ဌအဖြစ်နဲ့ ၁၉၉၀ ရွေးကောက်ပွဲကို ဝင်ခဲ့သူဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နီးစပ်သူလည်း ဖြစ်ပါတယ်။ အခုချိန်မှာ သူဟာ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်မယ်လို့ကြေညာပြီး ဒီမိုကရက်တစ်ပါတီကိုဖွဲ့ ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး စည်းရုံးရေးလုပ်နေသူဖြစ်ပါတယ်။ သူ့ရဲ့ ပါတီထဲမှာ အရင်က ပါတီဝင်ဟောင်းတွေနဲ့အတူ ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့ ငြိမ်းပါတီဝင်ဟောင်းတွေ အများစုပါဝင်နေတာကို တွေ့ရပါတယ်။ ဦးနုရဲ့သမီး ဒေါ်သန်းသန်းနုက အထွေထွေအတွင်းရေးမှူး၊ နာမည်ကြီး ဖဆပလ ခေါင်းဆောင်တဦး ဦးကျော်ငြိမ်းရဲ့သမီး ဒေါ်ချိုချိုကျော်ငြိမ်းက အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် ပါဝင်နေတာ တွေ့ရပါတယ်။

ဦးသုဝေနဲ့အဖွဲ့က ၂၀၁၀ အတွက် အခုလို အားကြိုးမာန်တက် ဟောပြောနေပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၉၀ အနိုင်ရ နိုင်ငံရေးပါတီတွေနဲ့ သူတို့ရဲ့မဟာမိတ်တွေကတော့ ၂၀၁၀ ကို အလိုမရှိဘူးလို့ ပြောနေဆဲဖြစ်ပါတယ်။ မတူညီတဲ့ ဒီအမြင် ၂ ခုအတွက် ဆွေးနွေးဖို့များ အခွင့်အလမ်းရှိနိုင်မလားဆိုတာကို ဦးသုဝေက ဖြေဆိုပါတယ်။

“လူချင်းရင်းနှီးပေမယ့် ရွေးကောက်ပွဲနဲ့ ပတ်သက်ရင် တခါမှမဆွေးနွေးဖူးဘူး။ အန်အယ်လ်ဒီကိုယ်တိုင်က အဆုံးအဖြတ် မရှိသေးဘူးဆိုတော့ ဆွေးနွေးမှု မရှိသေးဘူးဖြစ်နေတာပါ။ အကယ်၍ ကျနော်တို့ ညှိနှိုင်းပြီး လုပ်နိုင်မယ်ဆိုရင်လည်း အတူတူလုပ်မှာပေါ့။ လောလောဆယ် လိုင်းကကွဲနေတဲ့သဘောမျိုးရှိတယ်၊ ကျနော်ထင်တာက သူတို့ တခုခုတော့ ဆုံးဖြတ်ရမှာဖြစ်တယ်။”

အန်အယ်လ်ဒီအနေနဲ့ အရင်ထုတ်ပြန်ချက်တွေ၊ ပြောဆိုချက်တွေအရ ၂၀၀၈ ဖွဲ့စည်းပုံကို မပြင်မချင်း ရွေးကောက်ပွဲမဝင်နိုင်တဲ့အကြောင်း အတိအလင်း ပြောဆိုထားပါတယ်။ ပါတီထိပ်တန်းခေါင်းဆောင် ဦးဝင်းတင်က ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ရွေးကောက်ပွဲအလိုမရှိဆိုပြီး ဝါရှင်တန်ပို့စ်မှာ ရေးသားခဲ့ပါတယ်။ တချို့နိုင်ငံရေးသမားတွေက ၉၀ ရလဒ်ကို ပစ်ပယ်ပြီး ၂၀၁၀ ဝင်ဖို့ ပြောနေသူတွေကို စစ်အုပ်စုဘက်ယိမ်းသူတွေလို့ စွပ်စွဲတာမျိုးရှိလာနေပါတယ်၊ အန်အယ်ဒီ အမတ်ဟောင်း မောင်ဗူးစမ်းနဲ့အဖွဲ့ကလဲ ၂၀၁၀ ဝင်ရေးအ တွက် ဂျာနယ်တွေမှာဆောင်းပါးတွေ ဆက်တိုက်ရေးနေသလို ၈၈ မျိုးဆက် မြန်မာနိုင်ငံမှ ကိုအေးလွင်နဲ့ အန်အယ်လ်ဒီက နှုတ်ထွက်ထားတဲ့ ဝံသာနုအဖွဲ့တွေက ရွေးကောက်ပွဲ အသစ်ဝင်ဖို့ ပြောနေပါတယ်။

အဲဒီအဖွဲ့တွေနဲ့ ဦးသုဝေတို့အဖွဲ့ ဘယ်လိုဆက်စပ်မှုရှိသလဲ၊ ၂၀၁၀ ကို အားလုံး ဝင်နိုင်ခွင့်ရအောင် ဘယ်လိုလုပ်သင့်သလဲဆိုတာကို ဦးသုဝေက တုန့်ပြန်ချက်ပေးပါတယ်။

“သူတို့နဲ့ ကျနော်တို့နဲ့ လုံးဝအဆက်အသွယ်မရှိဘူး။ သူတို့ကိုယ်နှိုက်က အစိုးရက အားပေးထောက်ခံထားတဲ့ အဖွဲ့တွေဖြစ်နေတယ်။ ကျနော်တို့က အစိုးရနဲ့ ခုထက်ထိ အဆက်အသွယ်လုံးဝမရှိပါဘူး။ ကျနော်တို့က ကိုယ့်ရဲ့အသိဉာဏ်နဲ့ကိုယ်လုပ်တယ်။ စွန့်စားပြီးလုပ်တယ်။ ဘာဖြစ်မလဲ ဆိုတာတော့ မသိဘူး။ ဘာဖြစ်မယ်ဆိုတာလည်း ဒီအစိုးရက မှန်းလို့မှမရတာ။ သူတို့ ပြောထားလို့သာ ရွေးကောက်ပွဲလို့ ပြောလို့ရတာကိုး။ အခုထိ ရွေးကောက်ပွဲ ဥပဒေက မထွက်သေးဘူး။ ထွက်ရော ထွက်ဦးမှာလား။ ရွေးကောက်ပွဲက ဖြစ်ရော ဖြစ်အုံးမှာလား။ ဒါက ဘယ်သူမှ မပြောနိုင်ဘူး။ ကျနော်တို့က ကျနော်တို့ဘာသာ တိုင်းပြည်အတွက် တခုခုလုပ်နိုင်အောင်၊ ရွေးကောက်ပွဲဖြစ်ရင်လည်း ပါနိုင်အောင်၊ မဖြစ်ရင်လည်း စုပြီးသားလူရှိအောင် ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် လုပ်နေတာပါ။”

# နအဖနှင့် ကေအန်ယူ တိုက်ပွဲဖြစ်ပွား

**DVB | စက်တင်ဘာ ၁၄ ။** ။ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နဲ့ ၁၅ မိုင်ခန့်ဝေးတဲ့ မယ်ပရထာဒေသမှာ လှုပ်ရှားနေတဲ့ နအဖတပ်တွေကို ကရင်အမျိုးသားအစည်းအရုံးတပ်သားတွေ ခြုံခိုတိုက်ခိုက်ခဲ့လို့ တော်တော်များများထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

ကရင်အမျိုးသားအစည်းအရုံး ကေအန်ယူတပ်မဟာ ၆ နယ်မြေကို ထိုးစစ်ဆင်ဖို့ဝင်ရောက်လှုပ်ရှားနေတဲ့ နအဖတပ်ကို ကေအန်ယူပြောက်ကျားတပ်ဖွဲ့က ခြုံခိုတိုက်ခဲ့တဲ့အတွက် နအဖတပ်က ၄ ဦး ပွဲချင်းပြီး သေဆုံးပြီး ၈ ဦးဒဏ်ရာရရှိ တယ်လို့ ကေအန်ယူ တပ်မဟာ ၆ ကလာတဲ့ စစ်ဖက် သတင်းအရသိရပါတယ်။ ကြာအင်းဆိပ်ကြီးမြို့နယ် မယ်ပရထာဒေသမှာ လှုပ်ရှားနေတဲ့ နအဖတပ် ခလ ရ ၂၈၃ ကို ကေအန်ယူတပ်ဖွဲ့ဝင်တွေက မနေ့နေ့ခင်း ၂ နာရီခန့်မှာ ခြုံခိုတိုက်ခိုက်ခဲ့တယ်လို့ ကေအန်ယူ တပ်မဟာ ၆ အရာရှိ တဦးကပြောပါတယ်။

“ဘုရားသုံးဆူနဲ့ သံဖြူဇရပ်လမ်းကြား ခလရ ၂၈၃ နဲ့ ကေအန်ယူ တိုက်ပွဲဖြစ်တယ်။ ၄ ယောက်သေ၊ ၈ ယောက် ဒဏ်ရာရတယ်။ ခလရ စစ်ကြောင်းတွေ ဒီဒေသမှာ သွားလာလှုပ်ရှားနေတာပဲ၊ အခုတိုက်ပွဲလေးတပွဲက သိပ်မကြာပါဘူး၊ ပိုင်ပိုင်နိုင်နိုင်ဖြစ်မှ တိုက်တဲ့ပွဲမို့လို့ အချိန်ကို ဆွဲမတိုက်ဘူး။ အဓိက ပစ်မှတ်ကရန်သူပါ။ ရွာသားရှိတဲ့နေရာကို အတတ်နိုင်ဆုံး ရှောင်ပါတယ်။”

တိုက်ပွဲဖြစ်ပွားတဲ့နေရာဟာ ဘုရားသုံးဆူမြို့နဲ့ ၁၅ မိုင်ခန့် ကွာဝေးပြီး သံဖြူဇရပ်မြို့သို့သွားရာ ကားလမ်းမှာဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိတဲ့ နအဖတပ်သားတွေကို ဘုရားသုံးဆူမြို့ဆေးရုံမှာ တင်ထားတယ်လို့ သူကပြောပါတယ်။ တရက်ထဲမှာပဲ ဘုရားသုံးဆူမြို့နဲ့ ၇ မိုင်ခန့်ဝေးတဲ့ ချောင်းဆုံမှာ နအဖတပ်တွေကို ကေအန်ယူတပ်ဖွဲ့ဝင်တွေက ခြုံခိုတိုက်ခိုက်တဲ့အတွက် နအဖတပ်မှ ဗိုလ်ကြီးအဆင့်ရှိသူတဦး အပြင်းအထန်ဒဏ်ရာ ရရှိတယ်လို့ ဘုရားသုံးဆူမြို့ခံတဦးက ပြောပါတယ်။

“ဗမာပြည်သွားရင် လေ့စီးတဲ့ဂိတ် ချောင်းဆုံမှာ သိပ်မဝေးတဲ့ ဘုရားတောင်နားမှာ ပစ်သံတွေ ကြားနေရတယ်။ နအဖတပ်က လှည့်ရင်းနဲ့ ကရင် ၇ ယောက်လောက်က ချောင်းပစ်တာ ရဲဘော်နှစ်ယောက်၊ ဗိုလ်ကြီး ၁ ယောက် ထိသွားတယ်။ ဘုရားသုံးဆူဆေးရုံမှာပဲ။”

ဘုရားသုံးဆူဆေးရုံကို ဆက်သွယ်လို့ မရရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကလည်း ဘုရားသုံးဆူမြို့နဲ့ ၂ ဖာလုံလောက်ဝေးတဲ့ ပြည်သူ့စစ်ဂိတ်တခု မှာပုံးနှစ်လုံးပေါက်ကွဲခဲ့ပါတယ်။ မည်သူမည်ဝါ ဖောက်ခွဲတယ်ဆိုတာ တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့ဝင်တွေနဲ့ တာဝန်ကျ နအဖတပ်တွေက စုံစမ်းဆဲဖြစ်ပါတယ်။ ဒီရက်ပိုင်းဖောက်ခွဲမှုတွေဟာ ဒီကေဘီအေတပ်ဖွဲ့ဝင်တွေနဲ့ နအဖစစ်တပ်က ကေအန်ယူထိန်းချုပ်ရာ မဲ့ကသာနယ်မြေကို ဝင်ရောက်တပ်စွဲလိုက်ပြီးနောက် ဖြစ်ပေါ်လာတဲ့ ဖောက်ခွဲတိုက်ခိုက်မှုတွေ ဖြစ်ပါတယ်။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 451 Sep 7, 2009
child soldier
WE BETTER MAKE A REAL ONE FOR HIM...
OTHERWISE... WE ARE THE ONES TO SUFFER...

# လောက်ကိုင်ဒေသမှာ ဖွံ့ဖြိုးရေးအစီအစဉ် ဆက်လုပ်မည်ဟု ဒဗလျူအက်ဖ်ပီ ပြော

**DVB ၊ စက်တင်ဘာ ၁၆ ။** ။ မကြာသေးခင်က နအဖနဲ့ ကိုးကန့်တို့ တိုက်ပွဲဖြစ်ပွားတဲ့ ရှမ်းပြည်မြောက်ပိုင်း လောက်ကိုင်ဒေသမှာ ပုံမှန်အနေအထားပြန်မရောက်သေးဘူးလို့ လားရှိုးမြို့ရောက်နေတဲ့ လောက်ကိုင်မြို့ခံတဦးက ပြောပါတယ်။

တိုက်ပွဲအခြေအနေကြောင့် ဒေသခံပြည်သူတွေက အိုးအိမ်ပစ်ပြီး လောက်ကိုင်ဒေသနဲ့ နီးစပ်တဲ့ ဆွေမျိုးရှိတဲ့နေရာကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး၊ လောက်ကိုင်မှာ စီးပွားရေးလုပ်တဲ့ တရုတ်လူမျိုးတွေလည်း နေရပ်ကို ပြန်ကြပါတယ်။ ယခုအခါ အဲဒီဒေသမှာ တိုက်ပွဲမဖြစ်တော့ပေမယ့် အိမ်ပြန်လာသူ အရေအတွက်နည်းနေတယ်လို့ ပြောကြပေမယ့် စစ်အုပ်စုက လောက်ကိုင်ဒေသဟာ အေးချမ်းနေပြီး အိမ်ပြန်လာဖို့ ပြောနေပါတယ်။ ပိတ်ထားတဲ့ စာသင်ကျောင်းတွေ ပြန်ဖွင့်ပြီး ကလေးတွေကျောင်းပြန်တက်ခိုင်းနေတယ်လို့ လားရှိုးမြို့ရောက်နေတဲ့ လောက်ကိုင်ဒေသခံတဦးက ပြောပါတယ်။

"လောက်ကိုင်က မြို့ပျောင်းလို ဖြစ်နေတယ်။ ဆိုင်တွေလည်း ပြန်မဖွင့်သေးဘူး၊ လူပြန်စည်အောင် သူတို့က ပြန်ခေါ်တယ်တဲ့။ ကလေးတွေ ကျောင်းပြန်တက်ဖို့ ကျောင်းသားတွေကို ဆရာမတွေ အိမ်ထိလိုက်ခေါ်တယ်။ အရင်တုန်းကလို မစည်ဘူး။ မြို့တွင်းမှာတိုက်ပွဲဖြစ်တာ မဟုတ်ဘူး။ နယ်စပ်မှာဖြစ်တာပါ။ တချို့တရုတ်က လူတွေဆိုင်လာဖွင့်ပြီတဲ့။ အရင်ဈေးလာရောင်းတဲ့ ဗမာတွေတော့ မလာသေးဘူး၊ အရင်လိုပြန်ဖြစ်ဖို့ အချိန်ယူရမယ်။ တိတ်ဆိတ်နေပြီး အိမ်တွေ၊ ဆိုင်တွေလည်း အဖောက်ခံရတာတွေရှိတယ်။ စီးပွားရေး အခြေချထားတဲ့ ပြည်သူပြည်သားတွေက တအားထိခိုက်တာပေ့ါ။"

လောက်ကိုင်မြို့မှာ နယ်စပ်ဒေသဖြစ်ပေမယ့် အခြေခံပညာ အထက်တန်းကျောင်း ၁ ကျောင်းရှိတယ်လို့သိရပါတယ်။ လောက်ကိုင်ဒေသဟာ စစ်အုပ်စုပြောသလို တကယ် အေးချမ်းမှုမရှိသေးဘူးလို့ ဒေသခံတွေ ပြောနေပေမယ့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေတဲ့ ကုလသမဂ္ဂ စားနပ်ရိက္ခာ ထောက်ပံ့ရေးအစီအစဉ် WFP အပါအဝင် တခြားအကူအညီပေးရေးအဖွဲ့တွေက ကူညီရေးကိစ္စကို ဆက်လက်ဆောင်ရွက်သွားမယ်လို့ပြောပါတယ်။ WFP နဲ့ တခြားအကူညီပေးရေးအဖွဲ့တွေမှာ ဒေသခံဝန်ထမ်းတွေကလွဲလို့ ကျန်တဲ့ သူတို့ဝန်ထမ်းတွေကို ပြန်ခေါ်ခဲ့ပေမယ့် နယ်စပ်ဖွံ့ဖြိုးရေးအတွက် ဆက်လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်လို့ ရန်ကုန်က ယူအန်စားနပ်ရိက္ခာ ထောက်ပံ့ရေးအစီအစဉ် WFP အရာရှိ ဒေါ်ဆွေဆွေဝင်းကလည်း ပြောပါတယ်။

"လက်ရှိ ကျမတို့ဝန်ထမ်းတွေ အဲဒီမှာ ရှိနေပါသေးတယ်။ လုံခြုံရေးအရ ဒေသခံဝန်ထမ်းတွေ နေခဲ့ပြီး ဒေသခံမဟုတ်တဲ့ ဝန်ထမ်းတွေ ပြန်လို့ရတာကြောင့် ကျမတို့ ပြန်လာခဲ့တာပါ။ လုပ်ငန်းဆက်လက်လုပ်ကိုင်ဖို့ ကျန်နေခဲ့ပါတယ်။ ရုံးပိတ်ခဲ့တာမဟုတ်ပါဘူး။ အဲဒီမှာ လုပ်နေတာက ၂၀၀၃ ခုနှစ် ကတည်းက ကော်ပိုရေးရှင်း ပါတနာအန်ဂျီအိုကနေ ကျမတို့ရဲ့ရိက္ခာတွေ သူတို့က ဖြန့်ဝေပေးတယ်။ သူ တို့တွေလည်း အနည်းနဲ့အများ ဝန်ထမ်းလျှော့ချမှုတွေ လုပ်ပေမယ့် ဒေသခံဝန်ထမ်းတွေ ကျန်ရစ်ခဲ့ပါတယ်။ လုပ်ငန်းလည်ပတ်မှုက အပြည့်အဝလည်ပတ်နိုင်မှု မရှိသေးပေမယ့် ရှေ့အပတ်မှာ လုပ်ငန်းအပြည့်အဝလည်ပတ်ဖို့ ရည်ရွယ်ထားပါတယ်။"

WFP နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့စည်းတွေက ဝေါလ်ဗီးရှင်း၊ ကဲလ်အမ်ဒါ၊ အာဆီယံ ကျန်းမာရေးနှင့်ဆိုင်သော ဆရာဝန်အဖွဲ့၊ အာဒရာနဲ့ အိပ်ချ်အိုင်ဗွီကိစ္စ ဆောင်ရွက်တဲ့အဖွဲ့တို့ဖြစ်တယ်လို့ သိရပါတယ်။ WFP ရဲ့ လောက်ကိုင်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်အရ လုပ်ဆောင်ချက်တွေကို ဒေါ်ဆွေဆွေဝင်းက ရှင်းပြပါတယ်။

"အဲဒီမှာ လုပ်ရှားမှု ၅ မျိုးလုပ်ပါတယ်။ ကောက်ရိတ်သိမ်းချိန် မပေါ်ခင်မှာ စားနပ်ရိက္ခာရှားပါးတဲ့ချိန်မှာ တချို့သော စားနပ်ရိက္ခာ အခက်အခဲကြုံတဲ့ မိသားစုကို ထောက်ပံ့ပေးပါတယ်။ အလုပ်အကိုင် ရှာဖွေဖော်ထုတ်ပေးတယ်။ သင်တန်းတွေပေးပြီးတော့ စားနပ်ရိက္ခာပေးတယ်။ မူလတန်းကလေးတွေကို ကျောင်းခေါ်ချိန် ၈၀ ရာခိုင်နှုန်း အပြည့်အဝတက်ရင် စားနပ်ရိက္ခာ ထောက်ပံ့ပေးတယ်။ နောက်ထပ် မိခင်နဲ့ကလေး အဟာရ ဖြည့်တင်းပေးတဲ့ အစီအစဉ်ရှိတယ်။ အိပ်ချ်အိုင်ဗွီနဲ့ တီဘီ ပရိုဂရမ်လည်းရှိပါတယ်။ စားနပ်ရိက္ခာ တန်ချိန်သုံးထောင့် ငါးရာ ဝန်းကျင်ခန့်ကို တနှစ်လုံးစာ ကျမတို့ အစီအစဉ်ဆွဲထားပါတယ်။ ဒေသဆိုင်ရာ လုံခြုံမှုအရ၊ ဝန်ထမ်းတွေရဲ့ လုံခြုံမှုအရ အနည်းအကျဉ်းလျှော့ပါးသွားတာရှိပေမယ့် လုံခြုံရေးအခြေအနေ ကောင်းတာနဲ့အမျှ ကျမတို့ဆက်လက်ပြီး လုပ်ဆောင်သွား ဖို့ရှိပါတယ်။"


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER